မန္တလေး
နေ့စဉ်
The Mandalay Daily
၁၉၉၇ ခုနှစ် ၊ နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။
အတွဲ(၂၈) ၊ အမှတ်(၂၃၄)၊ ၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၅ ရက် ၊ ၂၉-၇-၂၀၂၅၊ အင်္ဂါနေ့။

## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

### ငလျင်ကာလအလွန် နည်းပညာဆိုင်ရာဆွေးနွေးပွဲ(Post Earthquake Technical Forum) ဖွင့်ပွဲအခမ်းအနားကျင်းပ

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အဖွင့်အမှာစကားပြောကြား

နေပြည်တော် ဇူလိုင် ၂၈

"ငလျင်ကာလအလွန် တည်ဆောက်ပြုပြင်ရေးလုပ်ငန်းများအတွက် နည်းပညာဆိုင်ရာ ပြန်လည်သုံးသပ်ခြင်းနှင့် အနာဂတ်တွင်ကြုံတွေ့လာနိုင်သည့် နည်းပညာဆိုင်ရာစိန်ခေါ်မှုများအတွက် ကြိုတင်ပြင်ဆင်ခြင်း" ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်သည့် ငလျင်ကာလအလွန် နည်းပညာဆိုင်ရာဆွေးနွေးပွဲ(Post Earthquake Technical Forum)ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။ စာမျက်နှာ ၃ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငလျင်ကာလအလွန် နည်းပညာဆိုင်ရာဆွေးနွေးပွဲ (Post Earthquake Technical Forum) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၂၈**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** ကချင်ပြည်နယ်တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နောက်(၂)ရက်အတွက်ခန့်မှန်းချက်မှာ** မုတ်သုံလေ အားကောင်းမည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။ **မိုး/ဇလ**

၂၀၂၅ ခုနှစ်၊ ဇူလိုင် ၂၉ ရက်၊ အင်္ဂါနေ့။

မန္တလေး နေ့စဉ်

# ဆေးဝါးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိ

အိန္ဒိယနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ စတုတ္ထမြောက်ကုန်သွယ်ဖက် အများဆုံးနိုင်ငံဖြစ်ကြောင်း၊ စီးပွားရေးနှင့်ကျန်းမာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၂၄-၂၀၂၅ ခုနှစ်တွင် နှစ်နိုင်ငံကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၂ ဒသမ ၁ ဘီလီယံအထိ ရောက်ရှိခဲ့သည်ဟု သိရှိရကြောင်း၊ ဆေးနှင့် ဆေးပစ္စည်းများ တင်သွင်းမှုကဏ္ဍသည် အဓိကအစိတ်အပိုင်းအဖြစ် ပါဝင်ခဲ့ပြီး မိမိတို့အနေဖြင့် နှစ်စဉ်နိုင်ငံခြားငွေ အမြောက်အမြား အသုံးပြု၍ ဆေးနှင့်ဆေးပစ္စည်းများ တင်သွင်းလျက်ရှိကြောင်းကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ဇူလိုင် ၂၅ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ Pan Pacific Hotel ၌ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်နိုင်ငံ သံရုံးနှင့် အိန္ဒိယ-မြန်မာကုန်သည်ကြီးများအသင်းတို့ ကြီးမှူးကျင်းပသည့် Pharma Connect 2025 သို့ တက်ရောက်ရာတွင် ထည့်သွင်းပြောကြားသည်။

အိန္ဒိယနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ၊ ရင်းနှီးမြှုပ်နှံသူများအား ဆေးဝါးတင်သွင်းဖြန့်ဖြူးရောင်းချမှုသာမက ပြည်တွင်းဆေးဝါးထုတ်လုပ်မှုကဏ္ဍ၌ ပိုမိုရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်ထားသည်။ ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် လာရောက်ရင်းနှီးမြှုပ်နှံပါက အထူးကင်းလွတ်ခွင့်များအပြင် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများ၏ ဈေးကွက်များသို့လည်း ပြန်လည်တင်ပို့ရောင်းချနိုင်ကြောင်း။ ဆွေးနွေးကြမည့် ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ၊ အိန္ဒိယသံရုံးနှင့် အိန္ဒိယ-မြန်မာကုန်သည်ကြီးများအသင်း၊ မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများအနေဖြင့် မြန်မာ-အိန္ဒိယနှစ်နိုင်ငံ ဆေးဝါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်တွင်း၌ လိုအပ်သော ဆေးဝါးများ အရည်အသွေးပြည့်မီစွာ ထုတ်လုပ်နိုင်ရေး အတွေ့အကြုံ အပြန်အလှန်ဖလှယ်ခြင်းနှင့် တွေ့ကြုံရသည့် အခက်အခဲများကို ဖြေရှင်းနိုင်မည့် နည်းလမ်းများ ရှာဖွေနိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E Mr. Abhay Thakur နှင့် အိန္ဒိယ-မြန်မာ ကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌ Mr. Naresh Kumar တို့က ကြိုဆိုနှုတ်ဆက်စကား ပြောကြားကြသည်။

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များနှင့်အသင်းချုပ်မှ ကိုယ်စားလှယ်များက ပြည်တွင်းဆေးဝါးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ စကားဝိုင်းဆွေးနွေးပွဲများပြုလုပ်ကာ ဆွေးနွေးအကြံပြုခဲ့ကြသည်။

မြန်မာနိုင်ငံ၏ ဆေးဝါးထုတ်လုပ်မှုလုပ်ငန်းစဉ်များ၊ ဆေးဝါးမှတ်ပုံတင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများကို အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနအနေဖြင့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ဆောင်ရွက်ပေးလျက်ရှိပြီး ပြည်သူများ ဘေးကင်းလုံခြုံစိတ်ချရသည့် ဆေးနှင့်ဆေးပစ္စည်းများ သုံးစွဲနိုင်ရေး ဆေးဝါးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

# ပြည်သူများအား အခြေခံစားသောက်ကုန်များကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ



**မန္တလေး ဇူလိုင် ၂၈**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို သက်သာသောဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက်ရောင်းချပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်၊ အကွက်(၁၃)၊ ဒေါနဘွားရပ်ကွက်၊ အုတ်စက်မွှာရုံဝင်း နှင့် ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက် (ဖ-၈/၉)၊ ၅၉လမ်း၊ ၁၁၂လမ်း နှင့် ၁၁၃ လမ်းကြားတို့တွင် ရောင်းချပေးခဲ့သည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်ကို ဇူလိုင် ၂၉ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ဟေမာဇလရပ်ကွက်၊ ၇၇ လမ်း၊ ၂၇လမ်းနှင့် ၂၈လမ်းကြား၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ ၁၂၆လမ်း၊ ၅၈လမ်း နှင့် ၅၈(A)လမ်းကြားတို့တွင် လည်းကောင်း၊ ဇူလိုင် ၃၀ ရက်တွင် မဟာအောင်မြေမြို့နယ်၊ တက္ကသိုလ်ရပ်ကွက်၊ ၇၃လမ်း၊ တက္ကသိုလ်လေ့ကျင့်ရေးရှေ့နှင့် အမရပူရမြို့နယ်၊ ဆင်စွယ်ပွတ်ရပ်ကွက်၊ ပန်းပဲတန်းရပ်၊ တောင်မြို့ ဆေးရုံမြောက်ဘက်၊ မဟာဂန္ဓာရုံ အနောက်ဘက်တို့တွင် လည်းကောင်း၊ ဇူလိုင် ၃၁ ရက်တွင် ချမ်းမြသာစည်မြို့နယ်၊ တမ္ပဝတီရပ်ကွက်၊ (၄၆၈)မုခ်ဦးတန်းဓမ္မာရုံ၊ အ·မ·က(၃) မြောက်ဘက်၊ ၈၄လမ်း၊ ခတ္တန်းမုခ်ဦးတန်း လမ်းမဘေးတွင် လည်းကောင်း၊ ဩဂုတ် ၁ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇လမ်း၊ ၇၁ လမ်းနှင့် ၇၂လမ်းကြား၊ ပြည်ကြီးတံခွန်မြို့နယ်၊ ရန်ကုန်-မန္တလေးလမ်း၊ မိုးထိအောင်စည်ကျောင်းရှေ့တို့တွင်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းငွေးနှင့်တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေး အတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၆)

# ပလတ်စတစ်သုံးစွဲမှုလျှော့ချရေးနှင့် အမှိုက်ခွဲခြားစွန့်ပစ်မှုစနစ် သရုပ်ပြခြင်းကွင်းဆင်းဆောင်ရွက်

**မန္တလေး ဇူလိုင် ၂၈**

မန္တလေး၊ မဟာအောင်မြေမြို့နယ်အတွင်းရှိ ပြည်သူများအား အမှိုက်အမျိုးအစားခွဲခြား၍ စနစ်တကျ စွန့်ပစ်နိုင်စေရန် သရုပ်ပြခြင်း ကွင်းဆင်းဆောင်ရွက်မှုကို ယနေ့ နံနက်ပိုင်းက မဟာအောင်မြေမြို့နယ်၊ ကံလှဈေး၌ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရှိ ဝန်ထမ်းများက ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မို့မို့ချစ်က ရပ်ကွက်နေပြည်သူများနှင့် ဈေးသူ၊ဈေးသားများအား သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေးအတွက် ရပ်ကွက်အတွင်း အမှိုက်များ စွန့်ပစ်ရာတွင် အမှိုက်စို၊ အမှိုက်ခြောက်၊ အန္တရာယ်ရှိသော အမှိုက်၊ ပလတ်စတစ်အမှိုက်များကို စနစ်တကျ ခွဲခြားစွန့်နိုင်ရေး၊ ရပ်ကွက်တာဝန်ရှိသူများက ရပ်ကွက်အတွင်း အမှိုက်ပုံးများ စနစ်တကျ စီစဉ်ထားရှိပေးရေးနှင့် ရပ်ကွက်နေပြည်သူများမှလည်း အမှိုက်များကို အမျိုးအစားခွဲခြား၍ စနစ်တကျ စွန့်ပစ်ရေးအား ရှင်းလင်းပြောကြားခဲ့သည်။



ဆက်လက်၍ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများက “ကမ္ဘာတစ်ဝန်း ပလတ်စတစ် ညစ်ညမ်းမှုအဆုံးသတ်ရေး စုပေါင်းအားဖြင့် ဆောင်ရွက်ပေး” အသိပညာပေး လက်ကမ်းစာစောင်များကို ပြည်သူများအား ဖြန့်ဝေပေးခဲ့သည်။

အဆိုပါအမှိုက်အမျိုးအစား ခွဲခြားစွန့်ပစ်နိုင်ရေး သရုပ်ပြခြင်းကို ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန အနေဖြင့် မန္တလေးမြို့ပေါ်ရှိ ရပ်ကွက်များနှင့် ဈေးများသို့လည်း ဆက်လက်၍ ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရပြီး မဟာအောင်မြေမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအတွက် အမှိုက်ပုံးများကိုလည်း ပေးအပ်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

အောင်ဇော်မင်း

**သတင်းများ**
**Online မှတစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper@gmail.com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

☆ ရှေ့ဖုံးမှ

အခမ်းအနားသို့ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်တွင်း ပြည်ပ ပညာရှင်များ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံဗိသုကာ ကောင်စီ၊ မြန်မာနိုင်ငံအင်ဂျင်နီယာ အသင်းချုပ်၊ အထပ်မြင့်နှင့် အများပြည်သူသုံး အဆောက်အအုံတည်ဆောက်ရေးစီမံကိန်းများ ကြီးကြပ်စစ်ဆေးရေး ပညာရှင်အဖွဲ့၊ မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်းနှင့် မြန်မာနိုင်ငံမြေငလျင်ကော်မတီတို့မှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ တည်ဆောက်ရေး လုပ်ငန်းစိစစ်ရေးကော်မတီဝင် ဝန်ကြီးဌာနများမှ ဖိတ်ကြားထားသည့် အင်ဂျင်နီယာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ယနေ့တွင်ကျရောက်သည့် မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့မှု ၄ လပြည့်အဖြစ် မန္တလေးငလျင်ကြီး ဖြစ်ပေါ်ခဲ့မှုကြောင့် သေဆုံးခဲ့ရသော ရဟန်း၊ ရှင်၊ လူပြည်သူများအတွက် ဝမ်းနည်းကြောင်း အထိမ်းအမှတ်အဖြစ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် တစ်မိနစ်ငြိမ်သက်ကြသည်။

**တည်ဆောက်နေထိုင်**

ထို့နောက် “ငလျင်ကာလအလွန် တည်ဆောက်ပြုပြင်ရေး လုပ်ငန်းများအတွက် နည်းပညာဆိုင်ရာ ပြန်လည်သုံးသပ်ခြင်းနှင့် အနာဂတ်တွင် ကြုံတွေ့လာနိုင်သည့် နည်းပညာဆိုင်ရာ စိန်ခေါ်မှုများအတွက် ကြိုတင်ပြင်ဆင်ခြင်း” မှတ်တမ်းဗီဒီယိုကို ကြည့်ရှုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် ကမ္ဘာ့နေရာအနှံ့အပြား၌ တိုင်းပြည်နိုင်ငံ အသီးသီးထူထောင်နေထိုင်ခဲ့ကြသည့် လူသားများသည် ယဉ်ကျေး တိုးတက်လာသည့်ကာလမှစပြီး သဘာဝတရား၏ ဖန်တီးထားမှုများအပေါ် နေ့စဉ်လူနေမှုဘဝ အဆင်ပြေချောမွေ့ လုံခြုံမှုရရှိစေရေး မိမိတို့၏ တီထွင်ဖန်တီးမှု နည်းပညာများဖြင့် တည်ဆောက်နေထိုင်လာကြခြင်းဖြစ်ကြောင်း။

ထိုကဲ့သို့ သဘာဝတရားနှင့် လိုက်လျောညီထွေဖြစ်အောင် တီထွင်ဖန်တီး နေထိုင်ခဲ့ကြသော်လည်း ကမ္ဘာမြေကြီး၏နောက်ထပ်ပေးထားချက် တစ်ရပ်ဖြစ်သည့် သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်ခြင်းများကိုမူ ရှောင်လွှဲ၍မရသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ လူ့သမိုင်းတစ်လျှောက် တိုးတက်ဖြစ်ထွန်းလာသည့် သိပ္ပံပညာရပ်များအပေါ်အခြေခံပြီး ကြိုတင်သတိပေး ကာကွယ်နိုင်သည့် လေပြင်းမုန်တိုင်း အန္တရာယ်၊ ရေကြီးရေလျှံမှုအန္တရာယ်၊ တောမီးလောင်ကျွမ်းမှု အန္တရာယ်များ ရှိသကဲ့သို့ မြေငလျင်အန္တရာယ်ကဲ့သို့သော တိကျစွာကြိုတင်ခန့်မှန်းခြင်းမပြုနိုင်ဘဲ ရင်ဆိုင်ကြရသည့် သဘာဝဘေးအန္တရာယ်မျိုးလည်းရှိကြောင်း၊ သဘာဝဘေးအန္တရာယ် အမျိုးအစားများအနက် မြေငလျင်သည် ဖွံ့ဖြိုးဆဲနိုင်ငံများသာမက အတိုင်းအတာတစ်ခုထိ ဖွံ့ဖြိုးတိုးတက်လျက်ရှိသည့် နိုင်ငံများ၊ ဖွံ့ဖြိုးပြီး နိုင်ငံများ၌ပါ ကြိုတင်ပြင်ဆင်မှု လိုအပ်ချက်ရှိလျှင်ရှိသကဲ့သို့ ထိခိုက်ဆုံးရှုံးမှုကြီးမားစေသည့် သဘာဝဘေးအမျိုးအစားလည်း ဖြစ်ကြောင်း။

မိမိတို့ မြန်မာနိုင်ငံ၌လည်း စတင်ပြီး သမိုင်းမှတ်တမ်းတင်နိုင်ခဲ့သည့် ၁၈၃၉ ခုနှစ်မှ ယနေ့ကာလအထိ ရစ်(ချ်)တာစကေး ၆ နှင့် အထက် ငလျင်ကြီးပေါင်း အကြိမ် ၂၀ ခန့် လှုပ်ခတ်ခဲ့မှုကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည်ကို သမိုင်းမှတ်တမ်းများအရ သိရှိကြပြီးဖြစ်ကြောင်း၊ ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်က ရစ်(ချ်)တာစကေး ၇ ဒသမ ၇ ဖြင့် လှုပ်ခတ်သွားခဲ့ပြီး မန္တလေး၊ စစ်ကိုင်း၊ နေပြည်တော် အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီး ငါးခု၌ ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်စေခဲ့သည့် မန္တလေး ငလျင်ကြီးသည်လည်း စစ်ကိုင်းပြတ်ရွေ့ကြောပေါ်တွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်သည်ကို အားလုံးသိရှိပြီးဖြစ်ကြောင်း။

**ထိခိုက်ပျက်စီး**

အဆိုပါ မန္တလေးငလျင်ကြီးကြောင့် ရဟန်းရှင်လူပြည်သူ ၃၇၃၉ ဦး အသက်ဆုံးရှုံးခဲ့ရပြီး ကမ္ဘာပေါ်တွင် ဖြစ်ပွားခဲ့သည့် အသက်ဆုံးရှုံးမှု အရေအတွက် သိန်းဂဏန်းရှိသောငလျင်ကြီးများနှင့် နှိုင်းယှဉ်ပါက များစွာလျော့နည်းသက်သာသော်လည်း မိမိတို့နိုင်ငံအတွက် ကြေကွဲဝမ်းနည်းဖွယ် ဖြစ်ရပ်တစ်ခု ဖြစ်ခဲ့ရကြောင်း၊ အခြေခံအဆောက်အအုံ ပျက်စီးမှုများအနေဖြင့် လူနေအိမ် ၅၀၀၀၀ ကျော်အပါအဝင် လမ်း၊ တံတားများ၊ တာဝါတိုင်များ၊ ကျောင်း၊ ဆေးရုံများ၊ သာသနိကအဆောက်အအုံများ၊ စက်ရုံ/ အလုပ်ရုံများစွာ ထိခိုက်ပျက်စီးခဲ့ရကြောင်း။

ပြည်သူများအား နေအိမ်တိုက်တာအိုးအိမ် ပျက်စီးမှုများပြန် လည် ထူထောင် နိုင် ရေးကိုလည်း နိုင်ငံတော်က ကနဦးမတည်ငွေ ကျပ်ငွေဘီလီယံ ၅၀၀ ထောက်ပံ့ ဆောင်ရွက်ပေးထားပြီးဖြစ်သည့်အပြင် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများအတွက် နောက်ထပ် ကျပ်ငွေ ၂ ထရီလီယံကိုလည်း ဆက်လက်ထောက်ပံ့ပေးနေကြောင်း။

ငလျင်ဘေးအန္တရာယ်ကို ယခုအချိန်အထိ တိုးတက်သည့် သိပ္ပံပညာရပ်များနှင့် တိကျစွာကြိုတင်ခန့်မှန်းနိုင်ခြင်း မရှိသေးသည်လည်း အားလုံးအသိပင်ဖြစ်ကြောင်း၊ ထိုကဲ့သို့အခြေအနေမျိုးတွင် မိမိတို့အနေဖြင့် ဆောင်ရွက်နိုင်သည်မှာ တတ်နိုင်သမျှ အကောင်းဆုံး ကြိုတင်ပြင်ဆင်ခြင်းပင်ဖြစ်ကြောင်း၊ ကြိုတင်ပြင်ဆင်ခြင်းဆိုရာတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများအချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန်နှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ လျင်မြန်စွာဆောင်ရွက်နိုင်ရန် ပြင်ဆင်ခြင်းသာမက သဘာဝဘေး အန္တရာယ်များ ကျရောက်လာချိန်တွင် ပြည်သူများ၏ အသက်အိုးအိမ်များ ထိခိုက်ပျက်စီးဆုံးရှုံးမှု နည်းပါးအောင် ကြိုတင်မြော်တွေးပြင်ဆင်ခြင်းသည် အဓိကကျသည့် အခန်းကဏ္ဍတစ်ရပ်ဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တာဝန်ရှိသူတစ်ဦးအား အထိမ်းအမှတ် ဂုဏ်ပြုမှတ်တမ်းပေးအပ်စဉ်။

ယနေ့ ကျင်းပပြုလုပ်သည့် “ငလျင်ကာလအလွန် နည်းပညာဆိုင်ရာ ဆွေးနွေးပွဲ (Post-Earthquake Technical Forum)” သည် ဖြစ်ပွားပြီးသည့် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးရမှုများကို ပြန်လည်ကုစားရန်နှင့် ပြန်လည်ပြုပြင်တည်ဆောက်ရန်အတွက် သာမက ငလျင် ပြတ်ရွေ့ကြောပေါ်တွင် တည်ရှိနေသည့် မိမိတို့ မြန်မာနိုင်ငံအနေဖြင့် အနာဂတ်ကာလများတွင် ငလျင်အန္တရာယ်ရင်ဆိုင်ရသည့်အခါ ထိခိုက်ဆုံးရှုံးမှု အနည်းဆုံးဖြစ်အောင် မည်ကဲ့သို့ ကြိုတင်ပြင်ဆင် ဆောင်ရွက်ကြမည်ဆိုသည်ကို ဆွေးနွေးညှိနှိုင်းကြမည်ဖြစ်သောကြောင့် မိမိတို့နိုင်ငံရှိ တည်ဆောက်ရေးကဏ္ဍ၏ လိုအပ်ချက်များကို ထိရောက်အကျိုးရှိစွာ ဖော်ထုတ်ဆွေးနွေးပေးကြရန် မှာကြားလိုကြောင်း။

ကမ္ဘာတွင် ငလျင်ဒဏ်ခံရသည့် နိုင်ငံများစွာရှိကြောင်း၊ ယင်းတို့အနက် ဂျပန်၊ တရုတ်၊ အင်ဒိုနီးရှား စသည့် အာရှနိုင်ငံများသည် နည်းပညာနှင့် အရည်အသွေးကောင်းသည့်တည်ဆောက်ရေးပစ္စည်းများကို အသုံးပြုပြီး မိုးမျှော်တိုက်များ၊ အထပ်မြင့်၊ အဆင့်မြင့်အဆောက်အအုံများ တည်ဆောက်နိုင်သည်ကို တွေ့နိုင်ကြောင်း၊ မိမိတို့သည်လည်း မည်သည့်အတွက်ကြောင့် မလုပ်ဆောင်နိုင်ရမည်နည်းဟု စဉ်းစားနိုင်ရန် လိုကြောင်း။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပဓာနကျသည့် တည်ဆောက်ရေး ကဏ္ဍတွင် တည်ဆောက်သည့် အဆောက်အအုံများ၏ အရည်အသွေးပြည့်ဝပြီး ခိုင်ခံ့ကောင်းမွန်ရေးသည် အလွန်အရေးကြီးသည့် အချက်ဖြစ်ကြောင်း၊ အဓိကအားဖြင့် မိမိတို့ လူသားများအနေဖြင့် ယနေ့အချိန်အထိ ကြိုတင်ခန့်မှန်းခြင်း မပြုနိုင်သကဲ့သို့ ရှောင်လွှဲ၍လည်း မရနိုင်သည့် မြေငလျင်ကဲ့သို့သော သဘာဝဘေးအန္တရာယ်မျိုးနှင့် ရင်ဆိုင်ရသည့်အချိန်မျိုးတွင် မိမိတို့ ထူထောင်တည်ဆောက်ထားသည့် အခြေခံအဆောက်အအုံများသည် ငလျင်ဒဏ်ခံနိုင်သည့် စံချိန်စံညွှန်း အရည်အသွေးများနှင့် ကိုက်ညီမှုသာ မိမိတို့ပြည်သူများ၏ အသက်အိုးအိမ် ထိခိုက်ဆုံးရှုံးရခြင်းများမှ ထိရောက်စွာ ကာကွယ်နိုင်မည်ဖြစ်ကြောင်း။

မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့ပြီးသည့်နောက် ထိခိုက်ပျက်စီးခဲ့ရသည့် နိုင်ငံပိုင်ရုံးအဆောက်အအုံနှင့် လူနေတိုက်တာအိမ်ခြေများကို ဆန်းစစ်သည့်နေရာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် အခြားဝန်ကြီးဌာနများက အင်ဂျင်နီယာများ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာ အသင်းချုပ်၊ အထပ်မြင့်နှင့် အများပြည်သူသုံး အဆောက်အအုံ တည်ဆောက်ရေးစီမံကိန်းများ ကြီးကြပ်စစ်ဆေးရေး ပညာရှင်အဖွဲ့တို့ ပူးပေါင်းစစ်ဆေးခဲ့ကြပြီး ပျက်စီးမှုအခြေအနေအလိုက် အရောင်ခွဲခြား သတ်မှတ်ခြင်းများ ဆောင်ရွက်ပေးခဲ့ကြသည့်အပြင် ငလျင်ဒဏ်သင့် အဆောက်အအုံများပြုပြင်နိုင်ရေး ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော အဆောက်အအုံ၊ လမ်း၊ တံတားများအတွက် ပျက်စီးမှုအမျိုးအစားနှင့် ပျက်စီးမှုပုံစံများအလိုက် ပြန်လည်ပြုပြင်ရာတွင် လိုက်နာဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းနှင့် ဆောင်ရွက်ရမည့် လုပ်ငန်းအဆင့်ဆင့် (Standard Operating Procedure–SOP)နှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး သဘာဝဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ရှေးဟောင်းအဆောက်အအုံများ၊ ဘုရား၊ စေတီများနှင့် သာသနိကအဆောက်အအုံများအား ပြန်လည်ပြုပြင်နိုင်ရန်နှင့် အသစ်ပြန်လည်တည်ဆောက်ရာတွင် လိုက်နာဆောင်ရွက်ရမည့်လုပ်ထုံးလုပ်နည်းနှင့် လုပ်ငန်းအဆင့်ဆင့် (Standard Operating Procedure– SOP) ကိုလည်း ရေးဆွဲထုတ်ပြန်ပေးခဲ့ကြသည့်အတွက် များစွာကျေးဇူးတင်သည်ကို ပြောကြားလိုကြောင်း၊ ငလျင်ဒဏ်သင့် အဆောက်အအုံများကို ပြန်လည်တည်ဆောက်ရေးအတွက် “အဆောက်အအုံများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ် တည်ဆောက်ရေး ကြီးကြပ်မှုကော်မတီ” ကိုလည်း ဖွဲ့စည်းတာဝန်ပေးအပ်ပြီး ပြုပြင်တည်ဆောက်ရေး လုပ်ငန်းများ စနစ်တကျ ဆောင်ရွက်စေလျက်ရှိကြောင်း။

စာမျက်နှာ ၄ သို့ ☆

❖ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပဓာနကျသည့် တည်ဆောက်ရေး ကဏ္ဍတွင် တည်ဆောက်သည့်အဆောက်အအုံများ၏ အရည်အသွေး ပြည့်ဝပြီး ခိုင်ခံ့ကောင်းမွန်ရေးသည် အလွန်အရေးကြီးသည့် အချက်ဖြစ်

❖ အဓိကအားဖြင့် မိမိတို့လူသားများအနေဖြင့် ယနေ့အချိန်အထိ ကြိုတင်ခန့်မှန်းခြင်း မပြုနိုင်သကဲ့သို့ ရှောင်လွှဲ၍လည်း မရနိုင်သည့် မြေငလျင်ကဲ့သို့သော သဘာဝဘေးအန္တရာယ်မျိုးနှင့် ရင်ဆိုင်ရသည့် အချိန်မျိုးတွင် မိမိတို့ထူထောင်တည်ဆောက်ထားသည့် အခြေခံအဆောက်အအုံများသည် ငလျင်ဒဏ်ခံနိုင်သည့် စံချိန်စံညွှန်း အရည်အသွေးများနှင့် ကိုက်ညီမှုသာ မိမိတို့ပြည်သူများ၏ အသက်အိုးအိမ် ထိခိုက်ဆုံးရှုံးရခြင်းများမှ ထိရောက်စွာ ကာကွယ်နိုင်မည်ဖြစ်

# ၂၀၂၅ မန္တလေးငလျင်ဆိုင်ရာ အချက်အလက်များသိရှိနိုင်ရန်အတွက် ဝက်ဘ်ဆိုက်လွှင့်တင်ထားရှိကြောင်း အသိပေးကြေညာ

နေပြည်တော် ဇူလိုင် ၂၈

၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်နေ့က လှုပ်ခတ်ခဲ့သည့် အင်အားရစ်(ခ်)တာစကေး ၇ ဒသမ ၇ အဆင့်ရှိ မန္တလေးငလျင်ကြီးအပါအဝင် မြန်မာနိုင်ငံအတွင်း လှုပ်ခတ်ခဲ့သည့် မြေငလျင်သတင်းများ သိရှိနိုင်စေရန်၊ ငလျင်လှုပ်ခတ်စဉ်အတွင်း ကိုယ်တိုင်ကြုံတွေ့ခံစားခဲ့ရသည့် ဖြစ်စဉ်များအား မျှဝေပေးနိုင်ရန်၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများနှင့်စပ်လျဉ်း၍ အလှူရှင်များမှ လှူဒါန်းလာနိုင်စေရန်၊ ပျက်စီးဆုံးရှုံးမှုများအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများနှင့် အလှူငွေများ ထိရောက်စွာ လှူဒါန်းနိုင်ရန်တို့အတွက် www.myanmarearthquake.gov.mm ဝက်ဘ်ဆိုက်အား လွှင့်တင်ထားသည်။

အဆိုပါဝက်ဘ်ဆိုက်တွင် မြေငလျင်ဆိုင်ရာသတင်းများကို တစ်နေရာတည်းမှ ဝင်ရောက်ကြည့်ရှုနိုင်ပြီး ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ခဲ့သည့်ဖြစ်စဉ်များကိုလည်း လေ့လာနိုင်သည်။ ထို့ပြင် ကိုယ်တိုင်ကြုံတွေ့ခဲ့ရသည့်ဖြစ်စဉ်များနှင့် ထိခိုက်ခဲ့မှုများကို မျှဝေပေးခြင်းဖြင့် အလှူရှင်များက လှူဒါန်းလိုသောနေရာများအား ကိုယ်တိုင်ရွေးချယ်၍ KBZ Pay၊ CBPay၊ AYA Pay၊ OK $ နှင့် Wave Pay စသည့် မိမိနှစ်သက်ရာ Pay များဖြင့် လွယ်ကူစွာ တိုက်ရိုက်လှူဒါန်းနိုင်ပြီး Online မှတစ်ဆင့် MMQR ဖြင့် လှူဒါန်းနိုင်သည်။ ပြည်ပအလှူရှင်များ အနေဖြင့်လည်း Visa Card၊ Master Card များ အသုံးပြု၍ လှူဒါန်းနိုင်သည်။

Website နှင့်ပတ်သက်၍ စုံစမ်းမေးမြန်းလိုပါက ၀၆၇-၃၄၀၄၇၇၇ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

သတင်းစဉ်

☆ စာမျက်နှာ ၃ မှ

တည်ဆောက်ရေးလုပ်ငန်းများ၌ စံချိန်စံညွှန်းများ စနစ်တကျရှိစေရေးအတွက်လည်း ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံ ဗိသုကာကောင်စီ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်၊ မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်းနှင့် မြန်မာနိုင်ငံ ငလျင်ကော်မတီ အပါအဝင် မြို့ပြအင်ဂျင်နီယာနှင့် ငလျင်ဆိုင်ရာ အသင်းအဖွဲ့များက ပေါင်းစပ်ညှိနှိုင်းပြုစုပြီး ၂၀၁၂ ခုနှစ်တွင် စတင်ထုတ်ဝေခဲ့သည့် မြန်မာနိုင်ငံ အဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များ (MNBC) ကို ၂၀၁၆ ခုနှစ်တွင် တစ်ကြိမ်၊ ၂၀၂၀ ပြည့်နှစ်တွင် တစ်ကြိမ် ပြင်ဆင်ထုတ်ပြန်ခဲ့ကြပြီး ယခု ၂၀၂၅ ခုနှစ်တွင်လည်း မကြာမီကလှုပ်ခတ်ခဲ့သည့်မန္တလေး ငလျင်ကြီးကြောင့် ဖြစ်ပေါ်လာသော ဘူမိသိပ္ပံဆိုင်ရာအချက်အလက်များအပေါ် အခြေခံပြီး အနာဂတ်ကာလတွင် တွေ့ကြုံလာနိုင်ဖွယ်ရှိသည့် ငလျင်များအတွက် လုံလောက်သော စံချိန်စံညွှန်းသတ်မှတ်ချက်များ၊ မတူကွဲပြားသည့် ဒေသအလိုက် ပိုမိုအသေးစိတ်တိကျသော ငလျင်ဇုန်မြေပုံများ ဖြည့်စွက်ထည့်သွင်းပေးခဲ့သည့်အပြင် ငလျင်လှုပ်ခတ်စဉ် ပျက်စီးခဲ့သည့် အဆောက်အအုံများ၏ ပျက်စီးမှုပုံစံ(Mode of Failure)များကို သုံးသပ်ပြီး အဆောက်အအုံ အမျိုးအစားအလိုက် တွက်ချက်မှုနည်းစနစ် (Seismic Load Calculation Method)များကိုလည်း ထည့်သွင်းဖော်ပြပြီး ထုတ်ဝေခဲ့ပြီးဖြစ်သည့်အတွက် မြန်မာနိုင်ငံ အဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များ(MNBC) ၂၀၂၅ သည် ငလျင်ဒဏ် ခံနိုင်ရည်ရှိနိုင်မည့် Earthquake Resilient Design Framework တစ်ခုအဖြစ် ဖော်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်းကိုလည်း သိရှိရကြောင်း။

တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများဖြစ်သည့် ဘိလပ်မြေနှင့် သံ၊ သံမဏိ ပစ္စည်းတင်သွင်းရောင်းချသူ၊ ပြည်တွင်းထုတ်လုပ်သူများမှစပြီး တွက်ချက်ပုံစံထုတ်သူပညာရှင်များ၊ ရင်းနှီးမြှုပ်နှံသူ Developer များ၊ ကန်ထရိုက်တာများ၊ ကြီးကြပ်တည်ဆောက်သူ အင်ဂျင်နီယာများနှင့် အရည်အသွေးစစ်ဆေးသူများ အစရှိသည့် Construction Industry တစ်ခုလုံးတွင်ရှိကြသည့် အဆင့်ဆင့်သော Stakeholder များအားလုံးက စနစ်တကျဖြင့် အသိစိတ်ဓာတ်ရှိရှိ ပူးပေါင်းလိုက်နာဆောင်ရွက်ကြမှသာ ယနေ့မိမိတို့တာဝန်ယူတည်ဆောက်သော အခြေခံ အဆောက်အအုံများသည် အနာဂတ်ကာလများတွင် ငလျင်အန္တရာယ်ကြုံတွေ့လာသည့်အခါ ပြည်သူအများ၏ အသက်အိုးအိမ် လုံခြုံမှုကို ပေးစွမ်းနိုင်မည်ဖြစ်ကြောင်း။

ထို့ကြောင့် ယနေ့ကျင်းပသည့် ငလျင်ကာလအလွန် နည်းပညာဆိုင်ရာဆွေးနွေးပွဲ(Post Earthquake Technical Forum)တွင် တက်ရောက်လာကြသည့် ပညာရှင်များအနေဖြင့် ငလျင်ဒဏ်ခံနိုင်ရည်ရှိသော အဆောက်အအုံများ တည်ဆောက်နိုင်ရေး မိမိတို့နိုင်ငံရှိ တည်ဆောက်ရေးလုပ်ငန်းများ၏ ပကတိအခြေအနေနှင့် သတ်မှတ်ထုတ်ပြန်ထားပြီး ဖြစ်သည့်စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များအတိုင်း အပြည့်အဝလိုက်နာ ဆောင်ရွက်နိုင်ရေး လိုအပ်ချက်များကိုပွင့်ပွင့်လင်းလင်း ဝိုင်းဝန်းဆွေးနွေး အဖြေရှာကြရန် ဆွေးနွေးမှာကြားလိုကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ငလျင်ကာလအလွန် နည်းပညာဆိုင်ရာဆွေးနွေးပွဲ(Post Earthquake Technical Forum) အထိမ်းအမှတ် ပြခန်းများအား လှည့်လည်ကြည့်ရှုစဉ်။

❖ **နိုင်ငံတော်၏ တည်ဆောက်ရေးကဏ္ဍတွင် ဦးထမ်းပဲ့ထမ်းဆိုသကဲ့သို့ နေရာစုံမှ ပါဝင်ဆောင်ရွက်လျက်ရှိကြသည့် နိုင်ငံ့ဝန်ထမ်းများ၊ ပုဂ္ဂလိကကဏ္ဍမှ အင်ဂျင်နီယာနှင့် ဗိသုကာပညာရှင်များ၊ ရင်းနှီးမြှုပ်နှံသူ Developer များ၊ တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်း ထုတ်လုပ်တင်သွင်းဖြန့်ဖြူးရောင်းချသူများအပါအဝင် Stakeholder များအားလုံးအနေဖြင့် အနာဂတ်ကာလများတွင် မိမိတို့နိုင်ငံသူ နိုင်ငံသားများအတွက် ဘေးအန္တရာယ်ကင်းရှင်းပြီး စိတ်ချလုံခြုံသော အခြေခံအဆောက်အအုံများ ဖန်တီးတည်ဆောက်ပေးနိုင်ရေး ယနေ့ကျင်းပသည့် ငလျင်ကာလအလွန် နည်းပညာဆိုင်ရာဆွေးနွေးပွဲ (Post Earthquake Technical Forum) ကတစ်ဆင့် ဝိုင်းဝန်းကြိုးပမ်းအားထုတ်ဆောင်ရွက်ပေးကြရန် တိုက်တွန်းလို**

နိုင်ငံတော်၏တည်ဆောက်ရေးကဏ္ဍတွင် ဦးထမ်းပဲ့ထမ်းဆိုသကဲ့သို့ နေရာစုံမှ ပါဝင်ဆောင်ရွက်လျက်ရှိကြသည့် နိုင်ငံ့ဝန်ထမ်းများ၊ ပုဂ္ဂလိကကဏ္ဍမှ အင်ဂျင်နီယာနှင့် ဗိသုကာပညာရှင်များ၊ ရင်းနှီးမြှုပ်နှံသူ Developer များ၊ တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်း ထုတ်လုပ်တင်သွင်းဖြန့်ဖြူးရောင်းချသူများ အပါအဝင် Stakeholder များအားလုံးအနေဖြင့် အနာဂတ်ကာလများတွင် မိမိတို့နိုင်ငံသူ နိုင်ငံသားများအတွက် ဘေးအန္တရာယ်ကင်းရှင်းပြီး စိတ်ချလုံခြုံသော အခြေခံအဆောက်အအုံများ ဖန်တီးတည်ဆောက်ပေးနိုင်ရေး ယနေ့ကျင်းပသည့် ငလျင်ကာလအလွန် နည်းပညာဆိုင်ရာ ဆွေးနွေးပွဲ(Post Earthquake Technical Forum) ကတစ်ဆင့် ဝိုင်းဝန်းကြိုးပမ်းအားထုတ်ဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က Damage Assessment နှင့် Earthquake Clinic ဆောင်ရွက်ပေးခဲ့ကြသည့် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံဗိသုကာကောင်စီ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၊ အထပ်မြင့်နှင့် အများပြည်သူသုံး အဆောက်အအုံတည်ဆောက်ရေးစီမံကိန်းများ ကြီးကြပ်စစ်ဆေးရေး ပညာရှင်အဖွဲ့၊ မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်းနှင့် မြန်မာနိုင်ငံ မြေငလျင်ကော်မတီမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများအား အထိမ်းအမှတ် ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်သည်။

ထို့နောက် "ငလျင်ကာလအလွန် တည်ဆောက်ပြုပြင်ရေးလုပ်ငန်းများအတွက် နည်းပညာဆိုင်ရာ ပြန်လည်သုံးသပ်ခြင်းနှင့် အနာဂတ်တွင် ကြုံတွေ့လာနိုင်သည့် နည်းပညာဆိုင်ရာ စိန်ခေါ်မှုများအတွက် ကြိုတင်ပြင်ဆင်ခြင်း" ငလျင်ကာလအလွန် နည်းပညာဆိုင်ရာ ဆွေးနွေးပွဲ (Post Earthquake Technical Forum)တွင် သုံးသပ်ဆွေးနွေးမည့် ခေါင်းစဉ်များ၊ ကဏ္ဍအလိုက် ဆွေးနွေးမည့် ပုဂ္ဂိုလ်များနှင့် စာတမ်းဖတ်ကြားမည့် ပုဂ္ဂိုလ်များက မိတ်ဆက်တင်ပြကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အခမ်းအနား အပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ငလျင်ကာလအလွန် နည်းပညာဆိုင်ရာဆွေးနွေးပွဲ(Post Earthquake Technical Forum) အထိမ်းအမှတ် ပြခန်းများကို စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုခဲ့ကြသည်။

အဆိုပါ "ငလျင်ကာလအလွန် တည်ဆောက်ပြုပြင်ရေးလုပ်ငန်းများအတွက် နည်းပညာဆိုင်ရာ ပြန်လည်သုံးသပ်ခြင်းနှင့် အနာဂတ်တွင် ကြုံတွေ့လာနိုင်သည့် နည်းပညာဆိုင်ရာ စိန်ခေါ်မှုများအတွက် ကြိုတင်ပြင်ဆင်ခြင်း" ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်သည့် ငလျင်ကာလအလွန် နည်းပညာဆိုင်ရာဆွေးနွေးပွဲ(Post Earthquake Technical Forum)အား မန္တလေး ငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် အခြေခံအဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများအတွက် နည်းပညာဆိုင်ရာ ပြန်လည်သုံးသပ်ရန်နှင့် အနာဂတ်တွင် ကြုံတွေ့လာနိုင်သည့် နည်းပညာဆိုင်ရာစိန်ခေါ်မှုများအတွက် ကြိုတင်ပြင်ဆင်နိုင်ရေး သုံးသပ်ဆွေးနွေး အဖြေရှာနိုင်ရန် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ပြီး ဇူလိုင် ၂၉ ရက်အထိ ကျင်းပပြုလုပ်သွားမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ

( နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၄၃/ ၂၀၂၅ )

၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၄ ရက်

(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၁၂ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ် (၁၀)၏ နောက်တွင် ပုဒ်မခွဲငယ်(၁၁)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(၁၁) ရွေးကောက်ပွဲတွင် မဲမသမာမှုနှင့် တရားမဲ့ပြုကျင့်မှုများကို ကျူးလွန်ကြောင်း ကော်မရှင်က စစ်ဆေးတွေ့ရှိခြင်း။"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# စစ်ဘက်ဆိုင်ရာလျှို့ဝှက်ချက်များ ထိန်းသိမ်းကာကွယ်ခြင်း ဥပဒေပြဋ္ဌာန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

စစ်ဘက်ဆိုင်ရာလျှို့ဝှက်ချက်များထိန်းသိမ်းကာကွယ်ခြင်းဥပဒေ

( နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေ အမှတ် ၄၄ / ၂၀၂၅ )

၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၄ ရက်

( ၂၀၂၅ နှစ်၊ ဇူလိုင်လ ၂၈ ရက် )

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **စစ်ဘက်ဆိုင်ရာလျှို့ဝှက်ချက်များထိန်းသိမ်းကာကွယ်ခြင်းဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **နိုင်ငံတော်**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

( ခ ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ ကာကွယ်ရေးဝန်ကြီးဌာနကို ဆိုသည်။

( ဂ ) **စစ်ဘက်ဆိုင်ရာလျှို့ဝှက်ချက်များ**ဆိုသည်မှာ အောက်ပါတို့ကို ဆိုသည်-

(၁) စစ်ဘက်ဆိုင်ရာအဂ္ဂမဟာဗျူဟာများ၊ မဟာဗျူဟာများ၊ နည်းဗျူဟာများ၊ စစ်ဘက်လေ့ကျင့်ရေးဆိုင်ရာကိစ္စရပ်များ၊

(၂) တပ်မတော်သုံးရေယာဉ်၊ လေယာဉ်၊ အခြားယာဉ်၊ စက်ယန္တရား၊ လက်နက်ခဲယမ်း၊ စစ်အသုံးအဆောင်ပစ္စည်းတို့နှင့်သက်ဆိုင်သည့် နည်းပညာများ၊ နည်းစနစ်များ၊ ထုတ်လုပ်တပ်ဆင်မှုပညာရပ်များနှင့် သတင်းအချက်အလက်များအပါအဝင် စစ်ဘက်ဆိုင်ရာနည်းပညာများ၊ လုပ်ထုံးလုပ်နည်းများ သို့မဟုတ် နည်းစနစ်များ၊

(၃) စစ်ဘက်ဆိုင်ရာလျှို့ဝှက်ချက်ဖြစ်သည်ဟု ဝန်ကြီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သတ်မှတ်ထားသည့် ကိစ္စရပ်များ။

(ဃ) **ကာကွယ်ရေးဝန်ထမ်း**ဆိုသည်မှာ အောက်ပါတစ်မျိုးမျိုးကို ဆိုသည်-

(၁) ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေကို လိုက်နာရသူ၊

(၂) ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေကို လိုက်နာရသူမဟုတ်စေကာမူ တပ်မတော်၏ အစိတ်အပိုင်းတစ်ခုခုတွင် အချိန်ပိုင်းဖြစ်စေ၊ အမြဲတမ်းဖြစ်စေ လုပ်ကိုင်ဆောင်ရွက်နေသူ၊

(၃) မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်၊

(၄) ပြည်သူ့စစ်တပ်ဖွဲ့ဝင်။

( င ) **ကာကွယ်ရေးဝန်ထမ်းဟောင်း**ဆိုသည်မှာ ကာကွယ်ရေးဝန်ထမ်းအဖြစ် ဆောင်ရွက်ခဲ့ဖူးပြီး လက်ရှိတာဝန်ထမ်းဆောင်ဆဲမဟုတ်သူကို ဆိုသည်။

( စ ) **လေ့ကျင့်ပေးခြင်း**ဆိုသည်မှာ စစ်ဘက်ဆိုင်ရာလျှို့ဝှက်ချက်များကို အသုံးပြု၍ အောက်ဖော်ပြပါ လေ့ကျင့်ပေးမှုတစ်ခုခုကို ဆိုသည်-

(၁) အခကြေးငွေဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ လေ့ကျင့်ပေးခြင်း၊

(၂) အမြဲတမ်းဖြစ်စေ၊ အမြဲတမ်းမဟုတ်ဘဲဖြစ်စေ လေ့ကျင့်ပေးခြင်း၊

(၃) မိမိကိုယ်တိုင် တစ်နည်းနည်းဖြင့် သင်ကြားပေးခြင်း သို့မဟုတ် လေ့ကျင့်ပေးခြင်း ဆောင်ရွက်ရန် ညွှန်ကြားခြင်း။

(ဆ) **လုပ်ကိုင်ဆောင်ရွက်ခြင်း**ဆိုသည်မှာ စစ်ဘက်ဆိုင်ရာလျှို့ဝှက်ချက်များကို အသုံးပြု၍ အောက်ဖော်ပြပါ လုပ်ကိုင်ဆောင်ရွက်မှုတစ်ခုခုကို ဆိုသည်-

(၁) လေ့ကျင့်ပေးခြင်း သို့မဟုတ် ဝန်ဆောင်မှုပေးခြင်း၊

(၂) အခကြေးငွေဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ လုပ်ကိုင်ဆောင်ရွက်ခြင်း၊

(၃) အမြဲတမ်းဖြစ်စေ၊ အမြဲတမ်းမဟုတ်ဘဲဖြစ်စေ လုပ်ကိုင်ဆောင်ရွက်ခြင်း။

( ဇ ) **စစ်ဘက်ဆိုင်ရာလျှို့ဝှက်ချက်များ လွှဲပြောင်းပေးခြင်း**ဆိုသည်မှာ စစ်ဘက်ဆိုင်ရာ လျှို့ဝှက်ချက်များအနက် လျှို့ဝှက်ချက်တစ်ရပ်ရပ်ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ နှုတ်ဖြင့်ပြောဆိုခြင်း၊ စာဖြင့်ရေးသားပေးပို့ခြင်းသို့မဟုတ်တစ်နည်းနည်းဖြင့် သိရှိနိုင်စေရန်လွှဲပြောင်းပေးခြင်းကို ဆိုသည်။

( ဈ ) **နိုင်ငံခြားတိုင်းပြည်၏အစိုးရ**ဆိုသည်မှာ နိုင်ငံခြားတိုင်းပြည်အစိုးရ၏ အာဏာပိုင်တစ်ဦးဦး သို့မဟုတ် အစိတ်အပိုင်းတစ်ရပ်ရပ် သို့မဟုတ် နိုင်ငံခြားတိုင်းပြည်၏ ဒေသဆိုင်ရာအစိုးရအဖွဲ့အစည်းတစ်ရပ်ရပ်ကို ဆိုသည်။

(ည) **နိုင်ငံခြားတိုင်းပြည်၏ စစ်ဘက်ဆိုင်ရာအဖွဲ့** ဆိုသည်မှာ အောက်ပါအဖွဲ့တစ်ဖွဲ့ဖွဲ့ကို ဆိုသည်-

(၁) သက်ဆိုင်ရာနိုင်ငံ၏ဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့် တရားဝင်လက်နက်ကိုင်တပ်ဖွဲ့၊

(၂) သက်ဆိုင်ရာနိုင်ငံ၏ဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့် တရားဝင်လက်နက်ကိုင် တပ်ဖွဲ့နှင့် အတူ ပူးတွဲလုပ်ကိုင်နေသော အဖွဲ့အစည်း၊

(၃) သက်ဆိုင်ရာနိုင်ငံ၏ဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့် တရားဝင်လက်နက်ကိုင်တပ်ဖွဲ့၏ စီမံချက် သို့မဟုတ် ညွှန်ကြားချက်အရဖြစ်စေ၊ ၎င်းတို့၏ သဘောဆန္ဒအလျောက်ဖြစ်စေ ဆောင်ရွက်နေသော အဖွဲ့အစည်း။

( ဋ ) **နိုင်ငံခြားတိုင်းပြည်၏ စစ်ဘက်ဆိုင်ရာအဖွဲ့ မဟုတ်သည့်အဖွဲ့ အစည်း**ဆိုသည်မှာ သက်ဆိုင်ရာနိုင်ငံ၏အတွင်း၌ဖြစ်စေ၊ သက်ဆိုင်ရာနိုင်ငံ၏ ပြင်ပ၌ဖြစ်စေရှိသော အောက်ပါအဖွဲ့အစည်းတစ်ခုခုကို ဆိုသည်-

(၁) သက်ဆိုင်ရာနိုင်ငံ၏ ဥပဒေနှင့်အညီဖွဲ့စည်းထားခြင်းမဟုတ်သော လက်နက်ကိုင်အဖွဲ့အစည်း၊

(၂) လုံခြုံရေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ရန် သက်ဆိုင်ရာနိုင်ငံ၏ ခွင့်ပြုချက်ဖြင့် ဖွဲ့စည်းထားသည့် ပုဂ္ဂလိကဝန်ဆောင်မှုကုမ္ပဏီ၊ အဖွဲ့အစည်း သို့မဟုတ် အသင်းအဖွဲ့။

( ဌ ) **တရားဝင်လက်နက်ကိုင်အဖွဲ့အစည်းမဟုတ်သည့်အဖွဲ့အစည်း**ဆိုသည်မှာ နိုင်ငံတော်၏ အတွင်း၌ဖြစ်စေ၊ နိုင်ငံတော်၏ပြင်ပ၌ဖြစ်စေ တည်ရှိပြီး နိုင်ငံတော်၏ တရားဝင် လက်နက်ကိုင် အဖွဲ့အစည်းမဟုတ်သည့်ပြင် ဥပဒေနှင့်အညီဖွဲ့စည်းထားခြင်းမဟုတ်သော လက်နက်ကိုင်အဖွဲ့အစည်းကို ဆိုသည်။

( ဍ ) **ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်း**ဆိုသည်မှာ ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာ ဥပဒေနှင့်အညီ လိုင်စင်ရယူထားသည့် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်းကို ဆိုသည်။

## အခန်း(၂)

## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) စစ်ဘက်ဆိုင်ရာလျှို့ဝှက်ချက်များကို ထိန်းသိမ်းကာကွယ်ခြင်းအားဖြင့် နိုင်ငံတော်၏ အမျိုးသားလုံခြုံရေးကို အထောက်အကူဖြစ်စေရန်၊

( ခ ) နိုင်ငံခြားတိုင်းပြည်၏ အစိုးရ၊ နိုင်ငံခြားတိုင်းပြည်၏ စစ်ဘက်ဆိုင်ရာအဖွဲ့၊ နိုင်ငံခြား တိုင်းပြည်၏ စစ်ဘက်ဆိုင်ရာအဖွဲ့ မဟုတ်သည့် အဖွဲ့အစည်း၊ တရားဝင်လက်နက်ကိုင်အဖွဲ့အစည်း မဟုတ်သည့် အဖွဲ့အစည်းနှင့် အခြားလူပုဂ္ဂိုလ်တစ်ဦးဦးတို့ကို စစ်ဘက်ဆိုင်ရာလျှို့ဝှက်ချက်များအား အသုံးပြု၍ လေ့ကျင့်ပေးခြင်း၊ ဝန်ဆောင်မှုပေးခြင်း သို့မဟုတ် လုပ်ကိုင်ဆောင်ရွက်ခြင်းနှင့် စစ်ဘက်ဆိုင်ရာလျှို့ဝှက်ချက်များ လွှဲပြောင်းပေးခြင်းတို့မှ ကာကွယ်တားဆီးရန်။

## အခန်း(၃)

## နိုင်ငံခြားတိုင်းပြည်၏ အစိုးရ သို့မဟုတ် နိုင်ငံခြားတိုင်းပြည်၏ စစ်ဘက်ဆိုင်ရာအဖွဲ့ သို့မဟုတ် နိုင်ငံခြားတိုင်းပြည်၏ စစ်ဘက်ဆိုင်ရာအဖွဲ့ မဟုတ်သည့် အဖွဲ့အစည်း၌ လုပ်ကိုင်ဆောင်ရွက်ခြင်း

၄။ ကာကွယ်ရေးဝန်ထမ်း သို့မဟုတ် ကာကွယ်ရေးဝန်ထမ်းဟောင်းတစ်ဦးဦးသည် နိုင်ငံခြားတိုင်းပြည်၏ အစိုးရတွင်ဖြစ်စေ၊ နိုင်ငံခြားတိုင်းပြည်၏ စစ်ဘက်ဆိုင်ရာအဖွဲ့တွင်ဖြစ်စေ၊ ယင်းတို့၏ ကိုယ်စားဖြစ်စေ လုပ်ကိုင်ဆောင်ရွက်ခြင်း မပြုရ။ သို့ရာတွင် ဝန်ကြီးဌာနက ဥပဒေနှင့်အညီ တာဝန်ပေးအပ်၍သော်လည်းကောင်း၊ ဝန်ကြီးဌာန၏ခွင့်ပြုချက်ဖြင့်သော်လည်းကောင်း လုပ်ကိုင်ဆောင်ရွက်ခြင်းသည် ဤပုဒ်မနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၅။ ကာကွယ်ရေးဝန်ထမ်း သို့မဟုတ် ကာကွယ်ရေးဝန်ထမ်းဟောင်းတစ်ဦးဦးသည် နိုင်ငံခြားတိုင်းပြည်၏ စစ်ဘက်ဆိုင်ရာအဖွဲ့မဟုတ်သည့် အဖွဲ့အစည်းတစ်ခုခုတွင်ဖြစ်စေ၊ ယင်းအဖွဲ့၏ကိုယ်စားဖြစ်စေ လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရ။

၆။ ကာကွယ်ရေးဝန်ထမ်းနှင့် ကာကွယ်ရေးဝန်ထမ်းဟောင်းတို့မှအပ မည်သူမျှ စစ်ဘက်ဆိုင်ရာ လျှို့ဝှက်ချက်များအနက် လျှို့ဝှက်ချက်တစ်ရပ်ရပ်ကို တစ်နည်းနည်းဖြင့် ရယူအသုံးပြု၍ နိုင်ငံခြားတိုင်းပြည်၏ အစိုးရတွင်ဖြစ်စေ၊ နိုင်ငံခြားတိုင်းပြည်၏ စစ်ဘက်ဆိုင်ရာအဖွဲ့တွင်ဖြစ်စေ၊ နိုင်ငံခြားတိုင်းပြည်၏ စစ်ဘက်ဆိုင်ရာအဖွဲ့ မဟုတ်သည့် အခြားအဖွဲ့အစည်း၌ဖြစ်စေ၊ ယင်းတို့၏ ကိုယ်စားဖြစ်စေ လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရ။

## အခန်း(၄)

## တရားဝင်လက်နက်ကိုင်အဖွဲ့အစည်းမဟုတ်သည့် အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်းတွင် လုပ်ကိုင်ဆောင်ရွက်ခြင်း

၇။ ကာကွယ်ရေးဝန်ထမ်းတစ်ဦးဦးသည် စစ်ဘက်ဆိုင်ရာလျှို့ဝှက်ချက်များအနက် လျှို့ဝှက်ချက် တစ်ရပ်ရပ်ကို အသုံးပြု၍ နိုင်ငံတော်၏အတွင်း၌ဖြစ်စေ၊ နိုင်ငံတော်၏ ပြင်ပ၌ဖြစ်စေရှိသော တရားဝင် လက်နက်ကိုင် အဖွဲ့အစည်းမဟုတ်သည့် အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်းတွင် လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရ။

စာမျက်နှာ ၆ သို့ »»

»»» စာမျက်နှာ ၅ မှ

၈။ ကာကွယ်ရေးဝန်ထမ်းဟောင်းတစ်ဦးဦးသည် စစ်ဘက်ဆိုင်ရာလျှို့ဝှက်ချက်များအနက် လျှို့ဝှက်ချက်တစ်ရပ်ရပ်ကို အသုံးပြု၍ အောက်ပါအဖွဲ့အစည်းတစ်ခုခုတွင် လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရ-

(က) တရားဝင်လက်နက်ကိုင်အဖွဲ့အစည်းမဟုတ်သည့် အဖွဲ့အစည်း၊

(ခ) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်း။

၉။ ကာကွယ်ရေးဝန်ထမ်းနှင့် ကာကွယ်ရေးဝန်ထမ်းဟောင်းတို့မှအပ မည်သူမျှ စစ်ဘက်ဆိုင်ရာ လျှို့ဝှက်ချက်များအနက် လျှို့ဝှက်ချက်တစ်ရပ်ရပ်ကို တစ်နည်းနည်းဖြင့် ရယူအသုံးပြု၍ အောက်ပါ အဖွဲ့အစည်းတစ်ခုခုတွင် လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရ-

(က) တရားဝင်လက်နက်ကိုင်အဖွဲ့အစည်းမဟုတ်သည့် အဖွဲ့အစည်း၊

(ခ) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်း။

၁၀။ ကာကွယ်ရေးဝန်ထမ်းဟောင်းတစ်ဦးဦးသည် ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းအဖြစ် လုပ်ကိုင်ဆောင်ရွက်လိုပါက သတ်မှတ်ချက်များနှင့်အညီ ဝန်ကြီးဌာနသို့ ခွင့်ပြုချက်လျှောက်ထားရယူရမည်။

၁၁။ ကာကွယ်ရေးဝန်ထမ်းဟောင်းတစ်ဦးဦးသည်-

(က) ဝန်ကြီးဌာန၏ ခွင့်ပြုချက်မရရှိဘဲ ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းအဖြစ် လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရ၊

(ခ) ဝန်ကြီးဌာန၏ခွင့်ပြုချက်ဖြင့် ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းအဖြစ် လုပ်ကိုင်ဆောင်ရွက်ရာတွင် သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

## အခန်း(၅)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၁၂။ မည်သည့်ကာကွယ်ရေးဝန်ထမ်း သို့မဟုတ် ကာကွယ်ရေးဝန်ထမ်းဟောင်းမဆို ပုဒ်မ ၄ သို့မဟုတ် ပုဒ်မ ၅ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်တစ်သက်ဖြစ်စေ၊ သေဒဏ်ဖြစ်စေ ချမှတ်ရမည်။

၁၃။ မည်သည့်ကာကွယ်ရေးဝန်ထမ်းမဆို ပုဒ်မ ၇ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်တစ်သက်ဖြစ်စေ၊ သေဒဏ်ဖြစ်စေ ချမှတ်ရမည်။

၁၄။ မည်သည့်ကာကွယ်ရေးဝန်ထမ်းဟောင်းမဆို-

(က) ပုဒ်မ ၈ ပုဒ်မခွဲ(က)ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်တစ်သက်ဖြစ်စေ၊ သေဒဏ်ဖြစ်စေ ချမှတ်ရမည်။

(ခ) ပုဒ်မ ၈ ပုဒ်မခွဲ(ခ)ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးထောင်ဒဏ်တစ်ဆယ်နှစ်မှ အများဆုံးထောင်ဒဏ် တစ်သက်အထိ ချမှတ်ရမည်။

(ဂ) ပုဒ်မ ၁၁ ပုဒ်မခွဲ(က)ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်လျှင်ဖြစ်စေ၊ ပုဒ်မခွဲ(ခ)ပါ ပြဋ္ဌာန်းချက်ကို လိုက်နာဆောင်ရွက်ခြင်းမရှိလျှင်ဖြစ်စေ ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက ထိုသူကို အနည်းဆုံး သုံးနှစ်မှ အများဆုံး တစ်ဆယ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်ပြင် ငွေကျပ်တစ်ဆယ်သိန်းထက်မပိုသော ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၁၅။ ကာကွယ်ရေးဝန်ထမ်းနှင့် ကာကွယ်ရေးဝန်ထမ်းဟောင်းတို့မှအပ မည်သူမဆို-

(က) ပုဒ်မ ၆ သို့မဟုတ် ပုဒ်မ ၉ ပုဒ်မခွဲ(က)ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်တစ်သက်ဖြစ်စေ၊ သေဒဏ်ဖြစ်စေ ချမှတ်ရမည်။

(ခ) ပုဒ်မ ၉ ပုဒ်မခွဲ(ခ)ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးထောင်ဒဏ်တစ်ဆယ်နှစ်မှ အများဆုံးထောင်ဒဏ် တစ်သက်အထိ ချမှတ်ရမည်။

၁၆။ မည်သူမဆို စစ်ဘက်ဆိုင်ရာလျှို့ဝှက်ချက်များအနက် လျှို့ဝှက်ချက်တစ်ရပ်ရပ်ကို ဥပဒေနှင့်အညီ လွှဲပြောင်းပေးခွင့်ရှိသူ၏ ခွင့်ပြုချက်မရှိဘဲ အခြားသူတစ်ဦးဦးထံသို့ လွှဲပြောင်းပေးခြင်းပြုလုပ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်တစ်သက်ဖြစ်စေ၊ သေဒဏ်ဖြစ်စေ ချမှတ်ရမည်။

၁၇။ မည်သူမဆို ဤဥပဒေပါတားမြစ်ချက်တစ်ခုခုကို ဖောက်ဖျက်ကျူးလွန်ရာတွင် အားထုတ်ခြင်း၊ အားပေးကူညီခြင်း၊ ပူးပေါင်းကြံစည်ခြင်း ပြုလုပ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ယင်းပြစ်မှုအတွက် ဤဥပဒေတွင်ပြဋ္ဌာန်းထားသည့်ပြစ်ဒဏ် ချမှတ်ရမည်။

## အခန်း(၆)
## အထွေထွေ

၁၈။ ဝန်ကြီးဌာနသည် ပုဒ်မ ၁၀ အရ လျှောက်ထားချက်အား သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီးခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၁၉။ ဝန်ကြီးဌာနသည် ပုဒ်မ ၁၈ အရ ခွင့်ပြုထားသည့် ခွင့်ပြုချက်အား ဆိုင်းငံ့ခြင်း၊ ပြန်လည်ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

၂၀။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေပါပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်သူအား ဤဥပဒေဖြင့်သာ အရေးယူရမည်။

၂၁။ ကာကွယ်ရေးဝန်ထမ်းဟောင်းတစ်ဦးဦးသည် ဤဥပဒေအာဏာမတည်မီက ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းအဖြစ် လုပ်ကိုင်ဆောင်ရွက်နေဆဲဖြစ်ပါက ဤဥပဒေအာဏာတည်သည့်နေ့မှစ၍ ခြောက်လအတွင်း ဤဥပဒေနှင့်အညီ ဝန်ကြီးဌာနသို့ ခွင့်ပြုချက်လျှောက်ထားရယူရမည်။

၂၂။ ဤဥပဒေအရ စွဲဆိုသောပြစ်မှုတစ်ခုခုအတွက် တရားရုံးတွင် မှုခင်းကိစ္စဆောင်ရွက်နေစဉ် မည်သည့်အဆင့်၌မဆို ဤဥပဒေအရ တစ်ဦးဦးကို စစ်ဆေးစီရင်နေစဉ် ထွက်ဆိုသည့် သက်သေခံချက် သို့မဟုတ် ဖော်ပြသည့်အကြောင်းအရာတစ်ခုခုကို အများကြားသိပါက နိုင်ငံတော်၏ လုံခြုံရေးကိုထိခိုက်စေမည်ဖြစ်သည်ဟုအကြောင်းပြ၍ အများပြည်သူအားလုံး သို့မဟုတ် အချို့ကိုဖယ်ရှားပေးရန် တရားလိုဘက်က လျှောက်ထားလျှင် ထိုသို့လျှောက်ထားသည့်အတိုင်း တရားရုံးက အမိန့်ချမှတ်နိုင်သည်။ သို့ရာတွင် မည်သည့်ကိစ္စ၌မဆို ပြစ်ဒဏ်စီရင်ချက်ကို အများပြည်သူ၏ ရှေ့မှောက်၌ ချမှတ်ရမည်။

၂၃။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၈

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E.Mr.Mongkol Visitstump နှင့်အဖွဲ့အား ယနေ့မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ထိုင်း နှစ်နိုင်ငံ ချစ်ကြည်ရေးနှင့် သတင်းမှန်များထုတ်ပြန်နိုင်ရေး၊ ယဉ်ကျေးမှုကဏ္ဍနှင့် ခရီးသွားမြှင့်တင်ရေး၊ နှစ်နိုင်ငံအကြား မီဒီယာကဏ္ဍသာမက ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းရင်းနှီးနှီးဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန်နှင့် ထိုင်းနိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ သတင်းစဉ်





# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၈

ပညာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်း နိုင်ငံသံအမတ်ကြီး H.E Mr. Iskander Azizov အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃)ရှိအစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ရုရှား-မြန်မာ နှစ်နိုင်ငံအကြား ပညာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ နိုင်ငံခြားပညာတော်သင်ကိစ္စရပ်များ၊ ရုရှားဘာသာစကား ပို့ချသည့် ဆရာ ဆရာမများ၏ အရည်အသွေး တိုးတက်စေရေးနှင့် ရုရှားဘာသာစကား သင်ကြားရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံရုံးမှ သံအရာရှိ Ms. Anastasia Solovieva တို့ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

# မြန်မာသံတမန်သင်တန်းကျောင်း တည်ထောင်ဖွင့်လှစ်ခြင်း အခမ်းအနားနှင့် သံတမန်ရေးရာ ဘွဲ့လွန်ဒီပလိုမာသင်တန်း အမှတ်စဉ် (၁/၂၀၂၅) ဖွင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဇူလိုင် ၂၈



မြန်မာသံတမန်သင်တန်းကျောင်း တည်ထောင်ဖွင့်လှစ်ခြင်းနှင့် သံတမန်ရေးရာဘွဲ့လွန် ဒီပလိုမာသင်တန်း အမှတ်စဉ် (၁/၂၀၂၅) ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန လောကနတ်ခန်းမနှင့် မြန်မာသံတမန် သင်တန်းကျောင်းတို့၌ ကျင်းပရာ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တက်ရောက် အဖွင့်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဦးဝဏ္ဏမောင်လွင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာညွန့်ဖေ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးနှင့် ဒုတိယဝန်ကြီး ဦးကိုကိုကျော်၊ ပြည်ထောင်စုရာထူးဝန် အဖွဲ့ဝင် ဦးကျော်မျိုးထွဋ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်း အတွင်းဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရန်ကုန်မြို့ အခြေစိုက်သံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံး အကြီးအကဲများ၊ မြန်မာသံတမန်သင်တန်းကျောင်း အတိုင်ပင်ခံပညာရှင်များအဖွဲ့နှင့် သင်ကြားရေးအဖွဲ့ အဖွဲ့ဝင်များ၊ Naypyitaw State Academy ခေတ္တ ပါမောက္ခချုပ်နှင့် ဘာသာရပ်ဆိုင်ရာ သင်ကြားရေး အဖွဲ့ဝင်များ၊ သံတမန်ရေးရာဘွဲ့လွန်ဒီပလိုမာ အမှတ်စဉ်(၁/၂၀၂၅) နေပြည်တော်တန်းခွဲနှင့် ရန်ကုန် တန်းခွဲတို့မှသင်တန်းသားသင်တန်းသူများတက်ရောက် ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက မြန်မာသံတမန်သင်တန်း ကျောင်း ဖွင့်လှစ်နိုင်ခြင်းသည် နိုင်ငံခြားရေးဝန်ကြီး ဌာနအတွက် သမိုင်းမှတ်တိုင်တစ်ခု စိုက်ထူနိုင်ခဲ့ သည်သာမက အနာဂတ်မြန်မာနိုင်ငံ၏ နိုင်ငံတကာ ဆက်ဆံရေးအတွက် ကြီးမားသော ရင်းနှီးမြှုပ်နှံမှု တစ်ခုဖြစ်ကြောင်း၊ သံတမန်ရေးရာ ပညာရပ် (Diplomacy)သည် ငြိမ်းချမ်းရေး၊ တည်ငြိမ်အေးချမ်း ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအုတ်မြစ် တစ်ခုဖြစ်သည့်အပြင် စဉ်ဆက်မပြတ် လေ့လာနေရန် (Life Long Learning) လိုအပ်ကြောင်း။

၂၀၀၀ ပြည့်နှစ်မတိုင်မီအထိ မြန်မာနိုင်ငံတွင် Diplomacy နှင့်ပတ်သက်၍ သင်ကြားလေ့ကျင့်ပေး သောကျောင်း၊ တက္ကသိုလ်များမရှိခဲ့သဖြင့် မြန်မာ သံတမန်များကို on-job training ဖြင့်သာ လေ့ကျင့် သင်ကြားပေးခဲ့ရကြောင်း၊ အဆိုပါဘာသာရပ်၏ အရေးပါမှုကို သိမြင်လာသည်နှင့်အမျှ နိုင်ငံခြားရေး ဝန်ကြီးဌာနအနေဖြင့် ၂၀၀၀ ပြည့်နှစ်မှစ၍ အခြေခံ သံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်း (Basic Diplomatic Skills-BDS)နှင့် အဆင့်မြင့်သံတမန် ရေးရာကျွမ်းကျင်မှုသင်တန်း Enhanced Diplomatic Skills (EDS)များဖွင့်လှစ်၍ မြန်မာသံတမန်များကို သာမက ပြင်ပလူငယ်များကိုပါ လေ့ကျင့်သင်ကြား ပေးခဲ့ရာ လက်ရှိအချိန်အထိ မြန်မာလူငယ် ၈၀၀၀ ကျော် ခန့်ကို လေ့ကျင့်သင်ကြားပေးနိုင်ခဲ့ပြီဖြစ်ကြောင်း။

နိုင်ငံခြားရေးဝန်ကြီးဌာနသည် သံတမန်ရေးရာ ဘာသာရပ်များကို လေ့ကျင့်သင်ကြား ပို့ချနိုင်ရေး အတွက်မြန်မာသံတမန်သင်တန်းကျောင်း တည်ထောင် ဖွင့်လှစ်နိုင်ရန် ၂၀၁၃ ခုနှစ်ကတည်းက စတင်ကြိုးပမ်း ခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာသံတမန်သင်တန်းကျောင်း အတိုင်ပင်ခံပညာရှင်များအဖွဲ့နှင့် သင်ကြားရေးအဖွဲ့ တို့ကိုဖွဲ့စည်း၍ ညှိနှိုင်းဆွေးနွေးမှုများနှင့် အလုပ်ရုံ ဆွေးနွေးပွဲများပြုလုပ်ခြင်း၊ ပြည်ပနိုင်ငံများမှ သံတမန်သင်တန်းကျောင်းများသို့ လေ့လာရေး ခရီးစဉ်များစေလွှတ်ခြင်း စသည်ဖြင့် အဆင့်ဆင့် ဆောင်ရွက်ခဲ့ကြောင်း၊ မြန်မာသံတမန်သင်တန်း ကျောင်း၌ ကနဦးတွင် သံတမန်ရေးရာဘွဲ့လွန်ဒီပလိုမာ သင်တန်းများကို စတင်ဖွင့်လှစ်သွားမည်ဖြစ်ပြီး နောင်တွင် B.A(Diplomacy)နှင့် M.A(Diplomacy) ဘွဲ့များစသည်ဖြင့် အဆင့်ဆင့် ပေးအပ်သွားနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

မြန်မာသံတမန်သင်တန်းကျောင်း ပေါ်ထွန်းလာရေး အတွက် တစိုက်မတ်မတ် ပိုင်းဝန်းဆောင်ရွက်ပေး ခဲ့သော မြန်မာအငြိမ်းစားသံအမတ်ကြီးများ၊ ဝါရင့် သံတမန်များ၊ တက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ် များနှင့် ပါမောက္ခ၊ ဌာနမှူးများ၊ MDA အတိုင်ပင်ခံ ပညာရှင်များအဖွဲ့ အဖွဲ့ဝင်များအား အသိအမှတ်ပြု ကျေးဇူးတင်ရှိကြောင်း၊ နိုင်ငံတကာသံတမန်များ၏ အတွေ့အကြုံနှင့် ကျွမ်းကျင်မှု အထူးအရေးကြီးသည့် အတွက် မြန်မာနိုင်ငံအခြေစိုက် သံရုံးများမှ သံအမတ်ကြီးများနှင့်သံတမန်များကလည်းလာရောက် ကူညီပို့ချဆွေးနွေးပေးရန်နှင့် သင်တန်းကျောင်း အတွက် လိုအပ်သည့် သင်ကြားမှုအထောက်အကူ ပြုပစ္စည်းများနှင့် စာအုပ်စာတမ်းများ ကူညီထောက်ပံ့ ပေးရန် ကြိုဆိုဖိတ်ခေါ်ကြောင်း၊ မြန်မာသံတမန် သင်တန်းကျောင်းသည် လက်ရှိကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများကိုထိရောက်သောသံတမန်ရေးနည်းလမ်း ဖြင့် ဖြေရှင်းရန်နှင့် မြန်မာသံတမန်များ၏ စွမ်းဆောင်ရည်ကိုမြှင့်တင်ရန် ခြေလှမ်းသစ်တစ်ရပ် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာသံတမန်သင်တန်းကျောင်း ထူထောင်ခြင်းဆိုင်ရာ မှတ်တမ်းဗီဒီယိုကို ပြသသည်။

ယင်းနောက် ဒုတိယပိုင်းအစီအစဉ်ကို မြန်မာ သံတမန်သင်တန်းကျောင်း အဆောက်အအုံ၌ ဆက်လက်ကျင်းပရာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးဝဏ္ဏမောင်လွင်၊ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ဒေါက်တာ ညွန့်ဖေတို့က မြန်မာသံတမန်သင်တန်းကျောင်း ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်း ပေးကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စု ဝန်ကြီးသည်သံတမန်ရေးရာဘွဲ့လွန် ဒီပလိုမာသင်တန်း အမှတ်စဉ်(၁/၂၀၂၅) သင်တန်းသား သင်တန်းသူများ အား "မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒ အကောင် အထည်ဖော်ခြင်း" ခေါင်းစဉ်ဖြင့် သင်ခန်းစာပို့ချသည်။

သံတမန်ရေးရာ ဘွဲ့လွန်ဒီပလိုမာသင်တန်း အမှတ်စဉ်(၁/၂၀၂၅)သည် မြန်မာသံတမန်သင်တန်း ကျောင်းနှင့် Naypyitaw State Academy တို့ ပူးပေါင်း၍ ဖွင့်လှစ်သည့် သင်တန်းဖြစ်ပြီး သင်တန်း ကာလမှာ လေးလကြာမြင့်သော ပညာသင်နှစ်ဝက်နှစ်ခု၊ စုစုပေါင်း သင်တန်းကာလ ရှစ်လအတွင်း သံတမန် ရေးရာများ၊ နိုင်ငံတကာဆက်ဆံရေးများ၊ နိုင်ငံခြား ရေးမူဝါဒများ၊ နိုင်ငံတကာအဖွဲ့အစည်းဆိုင်ရာများ၊ အပြည်ပြည်ဆိုင်ရာဥပဒေများနှင့် မျက်မှောက်ခေတ် နိုင်ငံတကာရေးရာ ဘာသာရပ်များကို ပို့ချသွားမည် ဖြစ်သည်။

သံတမန်ရေးရာဘွဲ့လွန်ဒီပလိုမာသင်တန်းသို့ အစိုးရ အဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနများမှ အရာထမ်း၊ အမှုထမ်းများ၊ ပုဂ္ဂလိကကဏ္ဍမှ စိတ်ပါဝင်စားသူများ တက်ရောက်လျက်ရှိရာ နေပြည်တော်တန်းခွဲ၌ သင်တန်းသား သင်တန်းသူ ၆၂ ဦး၊ ရန်ကုန်တန်းခွဲ၌ သင်တန်းသား သင်တန်းသူ ၅၁ ဦး စုစုပေါင်း ၁၁၃ ဦး တက်ရောက်ကြမည်ဖြစ်ပြီး သင်တန်းကာလအတွင်း ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများပို့ချခြင်း၊ ဆန်းစစ် ဆွေးနွေးခြင်း၊ လက်တွေ့လေ့ကျင့်ခန်းများ ပြုလုပ် ခြင်းများအပါအဝင် အဖွဲ့လိုက်စာတမ်းရေးသား တင်ပြခြင်းတို့ဖြင့် စာတွေ့လက်တွေ့ သင်ကြားပို့ချ သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေး လုပ်ငန်းကော်မတီ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် ဇူလိုင် ၂၈

တိုးတက်ခိုင်မာ အားကောင်း သည့် လူမှုအသိုက်အဝန်း ဖော်ဆောင်ရေး လုပ်ငန်းကော်မတီ တတိယအကြိမ် ညှိနှိုင်းအစည်း အဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့တိုးတက်ခိုင်မာ အားကောင်းသည့် လူမှုအသိုက် အဝန်း ဖော်ဆောင်ရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၂) ပြည်ထောင်စု ဝန်ကြီး ဦးကိုကိုလှိုင်၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၏ အကြံပေးအဖွဲ့ဝင် ဒေါက်တာ ရင်ရင်နွယ်၊ ဒုတိယဝန်ကြီးများ၊ ဖိတ်ကြားထားသူများနှင့် ဌာန ဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုးတက်ခိုင်မာ အားကောင်းသည့် လူမှုအသိုက် အဝန်း ဖော်ဆောင်ရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စု ဝန်ကြီး ဦးကိုကိုလှိုင်က မိမိတို့ ကော်မတီအနေဖြင့် ပြီးခဲ့သည့် ရက်ပိုင်းက မန္တလေးမြို့နှင့် စစ်ကိုင်း မြို့တို့သို့ သွားရောက်၍ လုပ်ငန်း များ ညှိနှိုင်းဆောင်ရွက်ခဲ့ကြပါ ကြောင်း၊ ဒုတိယအဆင့်အဖြစ် မန္တလေးတိုင်းဒေသကြီး အတွင်း လုပ်ငန်းသုံးခုကို ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက် ရန်အတွက် ညှိနှိုင်းဆောင်ရွက်ခဲ့ ကြကြောင်း။

ရွှေပြေး စီမံချက်အနေဖြင့် ရမည်းသင်းမြို့နယ်တွင် ရေဘေး သင့်သွားခဲ့သည့် မိုးထိ၊ မိုးမိ၊ ဝါးဖြူတောင်ဒေသမှ ချောင်းဖျား ကျေးရွာနှင့် သပြေပင်ကျေးရွာ တို့တွင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆက်လက်ဆောင် ရွက်သွားမည် ဖြစ်ကြောင်း။

အမရပူရမြို့နယ်တွင် ငလျင် ဘေးသင့် ရက်ကန်းလုပ်ငန်းရှင်များ အတွက် ရက်ကန်းဇုန်(သို့မဟုတ်) ရက်ကန်းကျေးရွာတစ်ရွာထူထောင် ပေးနိုင်ရေးနှင့် ငွေကြေးအရင်းအနှီး ပြန်လည်ထူထောင်ပေးရေးတို့ကို ဆွေးနွေး ညှိနှိုင်းခဲ့ကြောင်း၊ ကာလလတ် အစီအစဉ်အနေဖြင့် ငလျင်ကြောတစ်လျှောက် ၅ ကီလိုမီတာအတွင်း ကျရောက်နေ သည့်မြို့နယ် ၁၅ မြို့နယ်မှ ကျေးရွာ ပေါင်း ၄၈၉ ရွာတွင် သဘာဝဘေး ပညာပေး အစီအစဉ်များနှင့် နိုင်ငံတော်ဘက်မှ ပြည်သူ့ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင် ရွက်ပေးရေးလုပ်ငန်းများကို ညှိနှိုင်း ဆွေးနွေးခဲ့ကြောင်း၊ KBZ Center တွင် အစိုးရနှင့် လူမှုပရဟိတ အဖွဲ့အစည်းများ ပူးပေါင်း၍ လူသားအရင်းအမြစ် ဖွံ့ဖြိုး တိုးတက်ရေးနှင့် သဘာဝဘေး အန္တရာယ်ကြောင့် ထိခိုက်မှုလျှော့ချ ရေးသင်တန်းများကို လူထုလှုပ်ရှား မှု တစ်ခုအနေဖြင့် ဖော်ဆောင်ရေး တို့ကို ညှိနှိုင်းဆွေးနွေးခဲ့ကြ ကြောင်း။

ထို့ပြင် စစ်ကိုင်းမြို့တွင် ရွှေပြေး စီမံချက်အနေဖြင့်စစ်ကိုင်းတောင်ရိုး ၌ မှီခိုနေကြရသည့် နေရပ်စွန့်ခွာ ပြည်သူများနှင့် ငလျင်ဘေးသင့် ပြည်သူ ၂၅၀၀၀ ကျော်အတွက် ရွာထောင်ဘက်တွင် စုစည်းနေရာ ချထားပြီး ပြန်လည်ထူထောင်ရေး အတွက် ဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်သွားမည်ကိစ္စရပ်များ နှင့် ပတ်သက်၍လည်း ညှိနှိုင်း ဆောင်ရွက်ခဲ့ကြကြောင်း။

နေပြည်တော်၌ ဆောင်ရွက်နေ သည့် ရွှေပြေးစီမံချက်တွင် တိုးတက်ဖော်ဆောင်မည့် ကဏ္ဍ လေးရပ်အဖြစ် ဘေးသင့်ပြည်သူ လူထု၏ ဘဝအခြေအနေ လုံခြုံ အေးချမ်းစွာ တိုးတက်စေရန်၊ ဘေးသင့်ပြည်သူလူထု၏ ဝင်ငွေ တိုးတက်လာစေရန်၊ ဘေးသင့် ပြည်သူလူထု၏ လူသားအရင်း အမြစ်စွမ်းရည် ဖွံ့ဖြိုးတိုးတက်လာ စေရန်နှင့် လူမှုအသိုက်အဝန်းများ အကြား ပူးပေါင်းဆောင်ရွက်မှုနှင့် စည်းလုံးညီညွတ်မှု တိုးတက်လာ စေရန် ရည်ရွယ်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးမြင့်စိုးက ညောင်ပင်သာကျေးရွာ နှင့် မကျီးပင်ကျေးရွာများ ပြန်လည် ထူထောင်ရေးနှင့် ဘက်စုံဖွံ့ဖြိုး တိုးတက်ရေးစီမံချက် ဖွင့်ပွဲ၌ ခင်းကျင်းပြသမည့် အစီအစဉ်များ၊ ထောက်ပံ့ ပစ္စည်းပေးအပ်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက် လာကြသူများက ညောင်ပင်သာ ကျေးရွာနှင့် မကျီးပင်ကျေးရွာများ ပြန်လည်ထူထောင်ရေးနှင့် ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန အလိုက် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက် သွားမည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ ကော်မတီဥက္ကဋ္ဌက လိုအပ်သည် များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက် ပေးပြီး နိဂုံးချုပ်အမှာ စကားပြော ကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ထိုင်းနှင့် ကမ္ဘောဒီးယား အပစ်အခတ်ရပ်စဲရန် သဘောတူ



**ပူထရာဂျာရာ ဇူလိုင် ၂၈**

ထိုင်းနှင့် ကမ္ဘောဒီးယားခေါင်းဆောင်တို့အကြား ဇူလိုင် ၂၈ ရက် ညသန်းခေါင်ယံအချိန်မှစ၍ အပစ်အခတ်ရပ်စဲရန် သဘောတူညီမှုရရှိခဲ့ကြောင်း မလေးရှားနိုင်ငံဝန်ကြီးချုပ် အန်ဝါ အီဘရာဟင်က ပြောကြားသည်။

## ပြောကြား

အပစ်အခတ်ရပ်စဲရေး ဆွေးနွေးပွဲ ကျင်းပခဲ့ပြီးနောက် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဟွန်မာနတ်နှင့် ထိုင်းနိုင်ငံ ယာယီဝန်ကြီးချုပ် ဖန်သန် ဝီချာရာချိုင်းတို့နှင့်အတူ သတင်းစာရှင်းလင်းပွဲ ကျင်းပခဲ့ရာတွင် ပဋိပက္ခဖြေရှင်းရေးကို တစ်ဆင့်ချင်းဆောင်ရွက်မည်ဖြစ်ကာ လုပ်ငန်းဆောင်ရွက်မှုများကိုလည်း ပြန်လည်စောင့်ကြည့်မည်ဟု အန်ဝါ အီဘရာဟင်က ပြောကြားသည်။

နှစ်နိုင်ငံအကြားရရှိခဲ့သည့် အပစ်အခတ်ရပ်စဲရန် သဘောတူညီမှုအရ အပစ်အခတ်ရပ်စဲရေးကို ဇူလိုင် ၂၈ ရက် ညသန်းခေါင်ယံအချိန်တွင် စတင်ဆောင်ရွက်မည်ဖြစ်ကာ ယင်းဆောင်ရွက်ချက်သည် တင်းမာမှုများ လျှော့ချရေး၊ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုပြန်လည်ရရှိရေးအတွက် အရေးကြီးသည့် ဆောင်ရွက်ချက်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ အပစ်အခတ်ရပ်စဲရေး၏ ပဏာမလုပ်ငန်းစဉ်အဖြစ် နှစ်နိုင်ငံတပ်မှူးများ၏ မျက်နှာစုံညီအစည်းအဝေးကို ဇူလိုင် ၂၉ ရက် ဒေသစံတော်ချိန် နံနက် ၇ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်းနှင့် နယ်ခြားကော်မတီ အစည်းအဝေးကို သြဂုတ် ၄ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း အန်ဝါအီဘရာဟင်က ပြောကြားသည်။

အာဆီယံအဖွဲ့ အလှည့်ကျသဘာပတိဖြစ်သည့် မလေးရှားနိုင်ငံက အပစ်အခတ်ရပ်စဲရေးလုပ်ငန်းဆိုင်ရာ စောင့်ကြည့်ရေးအဖွဲ့ကို ကူညီဆောင်ရွက်ရန် အသင့်ရှိပြီး အပစ်အခတ်ရပ်စဲရေးလုပ်ငန်းများကို အာဆီယံအဖွဲ့ဝင် နိုင်ငံများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း၊ ကမ္ဘောဒီးယားနှင့် ထိုင်းနိုင်ငံအကြား ဝန်ကြီးချုပ်အဆင့်၊ နိုင်ငံခြားရေးနှင့် ကာကွယ်ရေး ဝန်ကြီးများအဆင့်တွင် ဆက်ဆံရေးပြန်လည်စတင်ရန်အတွက် သဘောတူညီခဲ့ကြကြောင်း မလေးရှားဝန်ကြီးချုပ်က ပြောကြားသည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – စိုးသူရ

# အပြည်ပြည်ဆိုင်ရာ အနုမြူစွမ်းအင်အေဂျင်စီ ညွှန်ကြားရေးမှူးချုပ် အက်စ်အာနသန်ပညာသင်ဆု အစီအစဉ်အရ စင်ကာပူသို့ သွားရောက်




**စင်ကာပူ ဇူလိုင် ၂၈**

အရှေ့တောင်အာရှနိုင်ငံများအနေဖြင့် မြင့်တက်လာသော စွမ်းအင်လိုအပ်ချက်များနှင့် ရာသီဥတုပန်းတိုင်များကို ဖြည့်ဆည်းရန် နျူကလီးယားစွမ်းအင်ဆိုင်ရာ ရည်မှန်းချက်များ ချမှတ်လာချိန်တွင် သဘာဝဘေးအန္တရာယ်များနှင့် ပထဝီဆိုင်ရာ အကန့်အသတ်များကဲ့သို့သော အခက်အခဲများကို ဖြေရှင်းနိုင်လိမ့်မည်ဟု အပြည်ပြည်ဆိုင်ရာ အနုမြူစွမ်းအင်အေဂျင်စီ ညွှန်ကြားရေးမှူးချုပ် ရာဖေးလ်မာရီယာနို ဂရော့ဆီ ယမန်နေ့က ပြောကြားကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အရှေ့တောင်အာရှနိုင်ငံများ အဖွဲ့ဝင်နိုင်ငံများသည် ၂၀၁၁ ခုနှစ် ဂျပန်နိုင်ငံ ဖူကူရှီးမားနျူကလီးယား ဘေးအန္တရာယ်ကဲ့သို့သော အတိတ်က အဖြစ်အပျက်များကြောင့် နျူကလီးယား စွမ်းအင်ဆိုင်ရာအမြင်များကို ဖြေရှင်းရန် သတင်းအချက်အလက်များ ပိုမိုဖြန့်ဝေရမည်ဟု ၎င်းက စင်ကာပူနိုင်ငံ၌ ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ဖြည့်စွက်ပြောကြားသည်။

ဂရော့ဆီသည် စင်ကာပူနိုင်ငံသို့ အက်စ်အာနသန်ပညာသင်ဆု အစီအစဉ်အရ သွားရောက်ခဲ့ခြင်းဖြစ်ပြီး ၎င်းသည် နိုင်ငံခြားခေါင်းဆောင်များနှင့် ထင်ရှားသူများအား စင်ကာပူသို့ လေ့လာရေးခရီးစဉ်များ စီစဉ်ပေးသည့်အဆင့်မြင့် အစီအစဉ်တစ်ခုဖြစ်သည်။

ထိုခရီးစဉ်တစ်စိတ်တစ်ပိုင်းအနေဖြင့် အမျိုးသားတက္ကသိုလ်၌ စင်ကာပူနျူကလီးယားသုတေသနနှင့် ဘေးကင်းရေးအဖွဲ့အစည်းက ပြုလုပ်သည့် ဟောပြောပွဲကို တက်ရောက်ဟောပြောခဲ့ကြောင်း သိရသည်။ **Mon**

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ




# ဆီမီးကွန်ဒတ်တာ ပေးသွင်းရန် ဒေါ်လာ ၁၆ ဒသမ ၅ ဘီလီယံတန် စာချုပ် ဆမ်ဆောင်း အီလက်ထရွန်းနစ် လက်မှတ်ရေးထိုး

**ဆိုးလ် ဇူလိုင် ၂၈**

ကမ္ဘာ့အကြီးဆုံး မင်မိုရီချစ်ပ် ထုတ်လုပ်ရေး ကုမ္ပဏီဖြစ်သည့် ဆမ်ဆောင်း အီလက်ထရွန်နစ်က ဇူလိုင်၂၆ရက်တွင် အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၅ ဘီလီယံတန် ဆီမီးကွန်ဒတ်တာ ပေးသွင်းမည့် စာချုပ်တစ်ခုကို ကမ္ဘာ့အကြီးစားကုမ္ပဏီတစ်ခုနှင့် လက်မှတ်ရေးထိုးလိုက်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

လက်မှတ်ထိုးခဲ့သည့် ယင်းသဘောတူညီချက်သည် ချစ်ပ်ထုတ်လုပ်ရေးအတွက် စာချုပ်အခြေပြု ထုတ်လုပ်မှုနှင့် သက်ဆိုင်ကြောင်း၊ စာချုပ်ပါအချက်အလက်များနှင့် သက်ဆိုင်ရာ မိတ်ဖက်ကုမ္ပဏီ အမည်တို့ကို ၂၀၃၃ ခုနှစ်အထိ ထုတ်ဖော်ပြောဆိုမည်မဟုတ်ကြောင်း ဆမ်ဆောင်းက သတင်းထုတ်ပြန်သည်။

ထိုသို့စာချုပ် ချုပ်ဆိုသော သတင်းထွက်ပေါ်လာပြီးနောက် ကမ္ဘာ့နည်းပညာလောကအတွင်း အကြီးဆုံးကုမ္ပဏီတစ်ခုဖြစ်သည့် ဆမ်ဆောင်း၏ စတော့ရှယ်ယာများသည် ဇူလိုင်၂၈ရက်တွင် ၃ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်လာသည်။

ဆမ်ဆောင်းအီလက်ထရွန်နစ်သည် ချစ်ပ်ထုတ်လုပ်ရေးအတွက် စာချုပ်အခြေပြု ထုတ်လုပ်မှုလုပ်ငန်းတွင် အဓိကကျသည့် ကုမ္ပဏီကြီးတစ်ခု ဖြစ်သော်လည်း တီအက်စ်အမ်စီကုမ္ပဏီ၏နောက်တွင် ဈေးကွက်ဝေစုအားဖြင့် ဒုတိယနေရာ၌သာ ရှိနေဆဲဖြစ်ကြောင်း သိရသည်။

**Mon**

0-0-0-0-0

# အမေရိကန်နှင့် တရုတ်နှစ်နိုင်ငံမှ အကြီးတန်းအရာရှိများ ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့၌ အခွန်ကိစ္စဆွေးနွေးလျက်ရှိ

**စတော့ဟုမ်း ဇူလိုင် ၂၈**



ကမ္ဘာ့ထိပ်တန်းစီးပွားရေးနှစ်ခုဖြစ်သော အမေရိကန်နှင့် တရုတ်နှစ်နိုင်ငံမှ အကြီးတန်းအရာရှိများသည် ကုန်သွယ်ရေးတင်းမာမှု၏ အဓိကအချက်ဖြစ်သည့် ရှည်လျားနေသော စီးပွားရေးအငြင်းပွားမှုများကို ဖြေရှင်းရန် ဇူလိုင် ၂၈ ရက်က ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့၌ ဆွေးနွေးလျက်ရှိကြောင်း သိရသည်။

ယင်းဆွေးနွေးပွဲသည် မြင့်မားသော အကောက်ခွန်နှုန်းထားများကို ရှောင်ရှားရန်နှင့် ယာယီချုပ်ဆိုထားသည့် သဘောတူညီချက်ကို ဆက်လက်တည်တံ့စေရန် ရည်ရွယ်သည်။

တရုတ်နိုင်ငံသည် သမ္မတ ဒေါ်နယ်လ်ထရမ့်၏ အုပ်ချုပ်ရေးအဖွဲ့နှင့် ကြာရှည်တည်တံ့သော အကောက်ခွန်သဘောတူညီချက်ရရှိရန် သြဂုတ်လ ၁၂ ရက်အထိ ညှိနှိုင်းမည်ဟု သတ်မှတ်ထားသည်။

ယခင်က တရုတ်နှင့် အမေရိကန်ကိုယ်စားလှယ်များသည် ဇွန်လတွင် ရက်သတ္တပတ်များစွာ တိုးမြင့်လာခဲ့သော အပြန်အလှန် အကောက်ခွန်များကို ရပ်တန့်ရန် အစပျိုးသဘောတူညီချက်တစ်ရပ် ရရှိခဲ့သည်။

ထိုသဘောတူညီချက် မရရှိပါက ၁၀၀ ရာခိုင်နှုန်းကျော်သော အကောက်ခွန်များကြောင့် ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့ရေးကွင်းဆက်များတွင် နောက်ထပ် အရှုပ်တော်ပုံများ ကြုံတွေ့ရနိုင်သည်။

အမေရိကန် ဘဏ္ဍာရေးကိုယ်စားလှယ် စကော့ဘက်ဆန့်နှင့် တရုတ်နိုင်ငံ၏ ဒုတိယဝန်ကြီးချုပ်ဟိုလီဖန်တို့ ဦးဆောင်သည့် စတော့ဟုမ်း ဆွေးနွေးပွဲသည် ထရမ့်၏ ယခုအချိန်အထိ အကြီးမားဆုံးသော ကုန်သွယ်ရေးသဘောတူညီချက်၏ နောက်ဆက်တွဲအဖြစ် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**Mon**

0-0-0-0-0



ဂါဇာကမ်းမြောင်ဒေသတွင် ဇူလိုင်၂၇ ရက်က ဂျော်ဒန်လေတပ်က တာဝန်ယူကာ ပါလက်စတိုင်းအရပ်သားများအတွက် စားနပ်ရိက္ခာအထုပ်များ လေယာဉ်ပေါ်မှ ကြဲချထောက်ပံ့ပေးနေစဉ်။ **Mon**

## သဘာဝဘေးအန္တရာယ်ကာကွယ်ရေး အသိပညာပေးဟောပြော

**ပျော်ဘွယ် ဇူလိုင် ၂၈**

ပျော်ဘွယ်မြို့နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူများအား သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ ကြိုတင်ကာကွယ်နိုင်ရန် အသိပညာပေးဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ဇူလိုင် ၂၅ ရက် နံနက် ၉ နာရီခွဲက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဆွေဇင်မြင့်က ငလျင်ဘေးအန္တရာယ်၊ လေပြင်းဘေးအန္တရာယ်၊ ရေဘေးအန္တရာယ် စသည့် သဘာဝဘေးအန္တရာယ်အမျိုးမျိုး အကြောင်းဆွေးနွေးပြီး ကြိုတင်ကာကွယ်ရမည့် အကြောင်းအရာများကို ကျောင်းသား၊ ကျောင်းသူများနှင့် အပြန်အလှန် ရှင်းလင်းဆွေးနွေးခဲ့သည်။ (ဝဲပုံ)



ဆက်လက်၍ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ထုတ်ဝေသည့် သဘာဝဘေးအန္တရာယ်အမျိုးမျိုးအကြောင်း ပါဝင်သည့် လက်ကမ်းစာစောင်များကို အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မင်းမင်းထွေး(ပျော်ဘွယ်)**

## ငလျင်ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် သဏ္ဌာန်တူဇာတ်တိုက်လေ့ကျင့်

**စဉ့်ကိုင် ဇူလိုင် ၂၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့တွင် ငလျင်ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် သဏ္ဌာန်တူဇာတ်တိုက်လေ့ကျင့်ခြင်းကို ဇူလိုင် ၂၅ ရက် နံနက် ၉ နာရီခွဲက ကျင်းပသည်။ **(အောက်ပုံ)**

ရှေးဦးစွာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်လင်းက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် ကျောက်ဆည်ခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန်းစန်းဝင်းနှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးကြည်ဇော်ထိုက်တို့က ငလျင်ဘေးအန္တရာယ်နှင့်ပတ်သက်သည့် ရှောင်ရန်၊ ဆောင်ရန် အချက်များအား အသိပညာပေး ရှင်းလင်းဟောပြောခဲ့ကြသည်။ ဆက်လက်၍ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များက ဦးဆောင်ကာ ကျောင်းသား၊ ကျောင်းသူများနှင့်အတူ ငလျင်ဘေးအန္တရာယ် သဏ္ဌာန်တူဇာတ်တိုက်လေ့ကျင့်ခြင်းများ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများဆောင်ရွက်ခြင်းတို့ကို ဇာတ်တိုက်လေ့ကျင့်ခဲ့ကြသည်။



အဆိုပါ အခမ်းအနားသို့ စဉ့်ကိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ပညာရေးမှူး ဒေါ်မြင့်မြင့်ဦး၊ မြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(၃၉၉)**

## ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးခြင်းနှင့် ကြွပ်ကြွပ်အိတ်အစားထိုး အင်ဖက်များ ဖြန့်ဝေ

**ကံမ ဇူလိုင် ၂၈**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ်(ကြွပ်ကြွပ်အိတ်) လျှော့နည်းသုံးစွဲစေရန်ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာ မြို့မဈေးအတွင်း၌ ဈေးရောင်း၊ ဈေးဝယ်ပြည်သူများ ပလတ်စတစ်(ကြွပ်ကြွပ်အိတ်)အစား ငှက်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေးခြင်းနှင့် (ကြွပ်ကြွပ်အိတ်)အစားထိုး အင်ဖက်များ အခမဲ့ဖြန့်ဝေခြင်းကို ယနေ့ နံနက် ၇ နာရီက အဆိုပါဈေးအတွင်း ဆောင်ရွက်ခဲ့ကြသည်။ **(အောက်ပုံ)**

အဆိုပါဆောင်ရွက်ခြင်းကို မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနတို့မှ ဝန်ထမ်းများက ပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး ထိုသို့ ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးခြင်းကို အပတ်စဉ် တနင်္လာနေ့တိုင်း ပြုလုပ်လျက်ရှိကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။ **ကျော်ဇေယျဝင်း(ကံမ)**



## သစ်ပင်လဲကျသဖြင့် ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်

**ပြင်ဦးလွင် ဇူလိုင် ၂၈**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၅)၊ မန္တလေး-လားရှိုးလမ်း၊ မင်းကြီးသုံးပါးရုပ်တုအနီးတွင် ဇူလိုင် ၂၄ ရက် နံနက် ၁၁ နာရီ မိနစ် ၅၀ က လုံးပတ် သုံးပေ၊ အမြင့် ပေ ၃၀ ခန့်ရှိ စိန်ပန်းပင်သည် အမြစ်ခြေမှ ဆွေးမြည့်လဲကျပြီး အောင်ရတနာ အထွေထွေရောဂါကုဆေးခန်းပေါ်သို့ ပိမိမှုဖြစ်ပွားနေကြောင်း သတင်းရရှိသဖြင့် ပြင်ဦးလွင်မြို့နယ် မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များသည် မီးသတ်ယာဉ်တစ်စီးဖြင့် ရှင်းလင်းရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ မွန်းလွဲ ၁ နာရီ မိနစ် ၄၀ တွင် ပြီးစီးခဲ့ပြီး အဆိုပါဖြစ်စဉ်ကြောင့် (၇ × ၄)ပေ သွပ်နှစ်ချပ်၊ (၁၅ × ၅)ပေ အုတ်တံတိုင်း ပျက်စီးဆုံးရှုံးခဲ့ကြောင်းနှင့် လူထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။ **(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် လက်ဝယ်ထား စီးနင်းသူများအား ဖမ်းဆီး

**စစ်ကိုင်း ဇူလိုင် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်၌ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် လက်ဝယ်ထား စီးနင်းသူများကို ဖမ်းဆီးအရေးယူထားသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၂၅ ရက် မွန်းလွဲ ၂ နာရီ ၅ မိနစ်က ရွှေဘိုမြို့ အမှတ်(၁၁၆) ယာဉ်ထိန်းရဲတပ်ဖွဲ့စု(ရွှေဘို)မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ရွှေဘိုမြို့၊ အမှတ်(၇)ရပ်ကွက်၊ ဆုတောင်းပြည့်ဘုရားအနီးတွင် ယာဉ်စစ်ဆေးခြင်းများဆောင်ရွက်နေစဉ် မဟာအောင်မြေမြို့နယ်နေ သက်ထွန်းဦး(ခ)ကိုသက်(၄၅)နှစ်အား လိုင်စင်မဲ့မော်တော်ဆိုင်ကယ်တစ်စီးဖြင့်လည်းကောင်း၊ အလားတူ အမှတ်(၇)ရပ်ကွက်နေ ကျော်ကျော်နိုင်(ခ)ဦးကျော်(၅၅)နှစ်အား လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် တစ်စီးဖြင့်လည်းကောင်း၊ အလားတူ မွန်းလွဲ ၂ နာရီ ၂၅ မိနစ်တွင် ရွှေဘိုမြို့၊ အမှတ်(၃) ရပ်ကွက်၊ လမ်းလယ်ဘုရားလမ်းတွင် ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် အဆိုပါရပ်ကွက်နေ မြင့်ကျော်(ခ)မြင့်ကြောင်(၅၂)နှစ်အား လိုင်စင်မဲ့မော်တော် ဆိုင်ကယ် တစ်စီးဖြင့်လည်းကောင်း၊ အလားတူ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်က ရွှေဘိုမြို့၊ အမှတ်(၆) ရပ်ကွက်၊ ဟုတ်စိန်ကွေ့တွင် ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် ဝက်လက်မြို့နယ်၊ ကျောက်တိုင်ကျေးရွာနေ ဒေါ်သန်းပို(၆၁)နှစ်အား လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်တစ်စီးဖြင့်လည်းကောင်း ဖမ်းဆီးရမိခဲ့သဖြင့် သက်ထွန်းဦး(ခ)ကိုသက်(ပါ-၄)ဦးအား သက်ဆိုင်ရာရဲစခန်းများ၌ ပို့ကုန်၊ သွင်းကုန်ဥပဒေဖြင့် အသီးသီး အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ (ဝဲပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၂၈**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ ဇူလိုင် ၂၅ ရက် ည ၁၀ နာရီ ၄၅ မိနစ်က သာစည်မြို့နယ်၊ ကျွဲတပ်ဆုံကျေးရွာအနီးတွင် မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေစဉ် တောင်ကြီးမြို့ဘက်မှ ရန်ကုန်မြို့ဘက်သို့ မောင်းနှင်လာသည့် ခရီးသည်တင် မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် လိုက်ပါလာသော ခရီးသည် မိုးမြင့်လုကာ၏ လက်ဆွဲခြင်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် မိုးမြင့်လုကာ(၂၉)နှစ်အား သာစည်မြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားပြီး ကွင်းဆက်များကို ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



# မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်၊ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးဘေး မိုင်တိုင်အမှတ်(၃၅၁/၅)နှင့် (၃၅၂/၀)ကြား၌ ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနား ကျင်းပ



**မန္တလေး ဇူလိုင် ၂၈**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ကြီးမှူး၍ တိုင်းဒေသကြီးအဆင့်(ဒုတိယအကြိမ်) ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်၊ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးဘေး၊ မိုင်တိုင်အမှတ်(၃၅၁/၅)နှင့်(၃၅၂/၀)အတွင်း လမ်းဘေးဝဲယာ စိမ်းလန်းစိုပြည်ရေး(တစ်အုပ်တစ်မ)စိုက်ခင်းအသွင်ဖြင့် သစ်ပင်စိုက်ပျိုးပွဲကို ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ အသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်က သတ်မှတ်နေရာတွင် စတင်စိုက်ပျိုးပေး၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများက သတ်မှတ်နေရာများ၌ စိုက်ပျိုးကြပြီးနောက် ဒေသနှင့်ကိုက်ညီသော တမာ၊ ကုက္ကို၊ ပိတောက်၊ မြင်ဝါ၊ ခရေ၊ သစ်မျိုး ငါးမျိုး စုစုပေါင်း ၁၀၄၀ ပင်ကို လူထုလှုပ်ရှားမှုအသွင်ဖြင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများက တက်ညီလက်ညီစုပေါင်း၍ စိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၄)**

၀-၀-၀-၀-၀












## ဆီဝယ်ယူခွင့်စာအုပ်တစ်အုပ်လျှင် စားအုန်းဆီ နှစ်ပိဿာနှုန်းဖြင့် စဉ့်ကိုင်မြို့နယ်၊ စွန်ရဲတောင်ရွာ၌ စားအုန်းဆီ ပိဿာ ၂၂၀ ရောင်းချပေး

**ကျောက်ဆည် ဇူလိုင် ၂၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်အတွင်းရှိ ပြည်သူများ စားဝတ်နေရေးအတွက် အခြေခံစားသောက်ကုန်များ ဝယ်ယူရာတွင် အထောက်အပံ့ဖြစ်စေရန်အတွက် ကျောက်ဆည်ခရိုင် စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းနှင့် စည်ပင်သာယာရေးဦးစီးဌာနတို့ ပူးပေါင်းညှိနှိုင်းပြီး အသားငါးများ၊ ဟင်းသီးဟင်းရွက်များ၊ စားအုန်းဆီများကို ဈေးနှုန်းချိုသာစွာဖြင့် စဉ်ဆက်မပြတ် ရောင်းချပေးလျက်ရှိရာ ယမန်နေ့နံနက်ပိုင်းက ဆီဝယ်ယူခွင့် စာအုပ်တစ်အုပ်လျှင် စားအုန်းဆီ နှစ်ပိဿာနှုန်းဖြင့် စဉ့်ကိုင်မြို့နယ်၊ စွန်ရဲတောင်ရွာ၌ စားအုန်းဆီ ပိဿာ ၂၂၀ အား ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးခဲ့သည်။



ထိုသို့ ရောင်းချပေးရာတွင် အရည်အသွေးပြည့်ဝသော စားအုန်းဆီများကို Resources Group Trading Co.,Ltd. မှ ဝယ်ယူခဲ့ပြီး စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၇၁၁၅ ဖြင့် ရောင်းချပေးခဲ့ခြင်းဖြစ်ကြောင်းနှင့် ခရိုင်ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းအနေဖြင့် ထိုသို့ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချခြင်းများကို ကျောက်ဆည်၊ မြစ်သားမြို့နယ်များနှင့် ပုလိပ်၊ ကူမဲမြို့နယ်ခွဲများအတွင်းရှိ ရပ်ကွက်၊ ကျေးရွာများတွင်လည်း သက်ဆိုင်ရာ မြို့နယ်များရှိ ခရိုင်ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းဝင် ဆီအရောင်းဆိုင်များမှ သက်ဆိုင်ရာတာဝန်ရှိသူများနှင့်ပူးပေါင်းကာ အလှည့်ကျစနစ်ဖြင့် စဉ်ဆက်မပြတ် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(ဝဲပုံ)**

**သက်မောင်(ကျောက်ဆည်)**

# နိုင်ငံတကာ အားကစား သတင်းများ



## ကိုမိုအသင်းက အေဂျက်စ်အသင်းကို သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

**တူရင် ဇူလိုင် ၂၈**

ရာသီကြို ခြေစမ်းပွဲစဉ်အဖြစ် နည်းပြ ဖာဘရီဂတ်စ် ကိုင်တွယ်နေသည့် ကိုမိုအသင်းနှင့် အေဂျက်စ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကိုမိုအသင်းက အေဂျက်စ်အသင်းကို သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ကိုမိုအသင်းအတွက် သွင်းဂိုးသုံးဂိုးကို ပွဲချိန် ၂၆မိနစ်တွင် နီကိုပက်ဇ်၊ ပွဲချိန် ၄၆မိနစ်တွင် မာတင်၊ ပွဲချိန် ၆၄မိနစ်တွင် ဒူဗီကတ်စ်တို့က အသီးသီးသွင်းယူပေးခဲ့ကြသည်။

ကိုမိုအသင်းသည် ရာသီကြို ခြေစမ်းပွဲ နှစ်ပွဲယှဉ်ပြိုင်ကစားအပြီးတွင် နှစ်ပွဲစလုံး အနိုင်ရရှိထားသည်။

ကိုမိုအသင်းသည် ရာသီကြို ခြေစမ်းပွဲ တတိယပွဲအဖြစ် လာမည့် ဩဂုတ် ၁၁ ရက်တွင် စပိန်လာလီဂါ ထိပ်သီးကလပ် ဘာစီလိုနာအသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(အပေါ်ပုံ)

(NGB)

## 2025 Mubadala Citi DC Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ Alex De Minaur တက်ရောက်

**ဝါရှင်တန် ဇူလိုင် ၂၈**

အမေရိကန်နိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Mubadala Citi DC Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ ဩစတြေးလျတင်းနစ်ကစားသမား Alex De Minaur တက်ရောက်ခဲ့သည်။



အဆိုပါ ဩစတြေးလျတင်းနစ်ကစားသမား Alex De Minaur သည် 2025 Mubadala Citi DC Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ပြင်သစ်တင်းနစ်ကစားသမား Corentin Moutet ကို ၆-၄၊ ၆-၃ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ခြင်း ဖြစ်သည်။

2025 Mubadala Citi DC Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် ဩစတြေးလျတင်းနစ်ကစားသမား Alex De Minaur နှင့် စပိန်တင်းနစ်ကစားသမား Alejandro Davidovich Fokina တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(ဝဲပုံ)

(NGB)

## အီမာဆန်ရွိုင်ရယ်လ်ကို ဖလာမင်ဂိုအသင်း ခေါ်ယူ




**လန်ဒန် ဇူလိုင် ၂၈**

ဖလာမင်ဂိုအသင်းသည် အေစီမီလန်အသင်း နောက်ခံကစားသမား အီမာဆန်ရွိုင်ရယ်လ်ကို ပြောင်းရွှေ့ကြေး ယူရို ကိုးသန်းဖြင့် သုံးနှစ်စာချုပ် ချုပ်ဆိုကာ ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၆)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ဖလာမင်ဂိုအသင်းတွင် ကျောနံပါတ်(၂၂) ဂျာစီကို ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။ (ဝဲပုံ)

နောက်ခံကစားသမား အီမာဆန်ရွိုင်ရယ်လ်သည် အေစီမီလန်အသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၂၅ပွဲ ကစားပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဖလာမင်ဂိုအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ဖလာမင်ဂိုအသင်းထုတ်ပြန်ချက်တွင် "အီမာဆန်ရွိုင်ရယ်လ်ကို ခေါ်ယူခဲ့ပါပြီ။ အသင်းအနေနဲ့လည်း လက်ရှိဈေးကွက်အတွင်း ကစားသမားသစ်တွေ ထပ်မံခေါ်ယူအားဖြည့်သွားဦးမှာပါ"ဟု ထုတ်ပြန်သည်။

(NGB)

## မော်ဂန်ဂစ်ဗ့်ဝိုက် နော်တင်ဟမ်ဖောရက်စ်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**လန်ဒန် ဇူလိုင် ၂၈**

နော်တင်ဟမ်ဖောရက်စ်အသင်းသည် အသင်းကွင်းလယ်ကစားသမား မော်ဂန်ဂစ်ဗ့်ဝိုက်ကို သုံးနှစ်သက်တမ်းတိုး စာချုပ်တစ်ရပ်ချုပ်ဆိုခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် နော်တင်ဟမ်ဖောရက်စ်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၁၈ပွဲကစားပြီး ၁၈ဂိုးအထိ သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။ (ယာပုံ)

အသက်(၂၅)နှစ်အရွယ်ရှိ မော်ဂန်ဂစ်ဗ့်ဝိုက်က "ကျွန်တော် အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ဒီအသင်းနဲ့အတူ အောင်မြင်မှုများစွာ ရယူသွားချင်ပါသေးတယ်။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်"ဟု ပြောသည်။

(NGB)



## လူးဝစ်ဒီယက်ဇ်ကို ခေါ်ယူရန် ဘိုင်ယန်မြူးနစ်အသင်း သဘောတူညီမှု ရရှိ

**မြူးနစ် ဇူလိုင် ၂၈**

ဘိုင်ယန်မြူးနစ်အသင်းသည် လီဗာပူးအသင်း တောင်ပံကစားသမား လူးဝစ်ဒီယက်ဇ်ကို ခေါ်ယူရန် သဘောတူညီမှု ရရှိခဲ့ပြီဖြစ်သည်။

အသက်(၂၈)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ယခုရက်ပိုင်းအတွင်း ဆေးစစ်မှုခံယူကာ လေးနှစ်စာချုပ် ချုပ်ဆိုသွားမည်ဖြစ်သည်။

တောင်ပံကစားသမား လူးဝစ်ဒီယက်ဇ်သည် လီဗာပူးအသင်းနှင့်အတူ ၂၀၂၁-၂၀၂၂မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၄၈ပွဲကစားပြီး ၄၁ဂိုး သွင်းယူကာ ခြေစွမ်းပြထားခြင်းကြောင့် ဘိုင်ယန်မြူးနစ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ဘိုင်ယန်မြူးနစ်အသင်းအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် ကစားသမားသစ်များစွာ ထပ်မံခေါ်ယူသွားဦးမည်ဖြစ်သည်။

(အောက်ပုံ)

(NGB)



## ဂျာအိုဖီးလစ်ကို အယ်လ်နာဆာအသင်း ခေါ်ယူနိုင်ခဲ့ကြောင်း သတင်းများ ထွက်ပေါ်

**လန်ဒန် ဇူလိုင် ၂၈**

ဆော်ဒီပရီလီဂ်ကလပ် အယ်လ်နာဆာအသင်းသည် ချဲလ်ဆီးအသင်း ကွင်းလယ်တိုက်စစ်ကစားသမား ဂျာအိုဖီးလစ်ကို ခေါ်ယူနိုင်ခဲ့ကြောင်း သတင်းများ ထွက်ပေါ်လာခဲ့သည်။

အယ်လ်နာဆာအသင်းသည် ကွင်းလယ်တိုက်စစ်ကစားသမား ဂျာအိုဖီးလစ်အတွက် ချဲလ်ဆီးအသင်းထံ ပြောင်းရွှေ့ကြေး ယူရိုသန်း ၃၀+အပိုဆုကြေး ယူရိုသန်း ၂၀ထိ ပေးချေခဲ့ရကြောင်းလည်း သတင်းများက ဖော်ပြခဲ့သည်။




ကွင်းလယ်တိုက်စစ်ကစားသမား ဂျာအိုဖီးလစ်သည် ပြီးခဲ့သည့် ဘောလုံးရာသီက ချဲလ်ဆီးအသင်းမှ အေစီမီလန်အသင်းသို့ အငှားသွားရောက်ကစားပြီး ပြိုင်ပွဲစုံ ၂၁ပွဲကစားကာ သုံးဂိုးအထိ သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့သည်။

ထို့ကြောင့် လက်ရှိထွက်ပေါ်နေသည့် သတင်းများအတိုင်း ဂျာအိုဖီးလစ်ကို အယ်လ်နာဆာအသင်း ကစားသမားသစ်အဖြစ် မြင်တွေ့ရမည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(အပေါ်ပုံ)

(NGB)

## ဇင်ချန်ကို အသင်းတွင် ဆက်ရှိသွားမည်ဟု နည်းပြအာတီတာပြောကြား

**လန်ဒန် ဇူလိုင် ၂၈**

အာဆင်နယ်အသင်းမှ ထွက်ခွာမည်ဟု သတင်းများ ကျယ်ပြန့်စွာထွက်ပေါ်ခဲ့သည့် နောက်ခံကစားသမား ဇင်ချန်ကို အသင်းတွင် ဆက်ရှိသွားမည်ဟု နည်းပြအာတီတာက ပြောကြားခဲ့သည်။

အသက်(၂၈)နှစ်အရွယ်ရှိ နောက်ခံကစားသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၎င်းက အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်သည်။

နောက်ခံကစားသမား ဇင်ချန်ကိုသည် အာဆင်နယ်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၉၁ပွဲကစားပြီး သုံးဂိုးသွင်းယူကာ ခြေစွမ်းပြထားသည်။

နည်းပြ အာတီတာက "ဇင်ချန်ကို အသင်းမှာ ဆက်ရှိသွားမှာပါ။သူဟာအသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ" ဟု ပြောသည်။ (အောက်ပုံ)

(NGB)



## ဒွန်နာရမ်မာကို ခေါ်ယူရန် မန်ချက်စတာမြို့ခံပြိုင်ဘက်အသင်းနှစ်သင်း စိတ်ဝင်စား

**မန်ချက်စတာ ဇူလိုင် ၂၈**

မန်ချက်စတာမြို့ခံပြိုင်ဘက်အသင်းနှစ်သင်းဖြစ်သည့် မန်ချက်စတာယူနိုက်တက်အသင်းနှင့် မန်ချက်စတာစီးတီးအသင်းတို့သည် ပီအက်စ်ဂျီအသင်း ဂိုးသမား ဒွန်နာရမ်မာကို ခေါ်ယူရန် အပြိုင် စိတ်ဝင်စားလျက်ရှိသည်။



အသက်(၂၆)နှစ်အရွယ်ရှိ ဂိုးသမားသည် ပီအက်စ်ဂျီအသင်းနှင့်အတူ ၂၀၂၁-၂၀၂၂မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၆၁ပွဲကစားပြီး အကောင်းဆုံးလက်စွမ်းပြနိုင်ခဲ့ခြင်းကြောင့် မန်ချက်စတာ မြို့ခံပြိုင်ဘက်အသင်းနှစ်သင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

ဂိုးသမား ဒွန်နာရမ်မာကိုယ်တိုင်ကလည်း လက်ရှိအချိန် ပီအက်စ်ဂျီအသင်းတာဝန်ရှိသူများနှင့် အဆင်မပြေဖြစ်နေခြင်းကြောင့် အသင်းမှ ထွက်ခွာချင်လျက်ရှိနေသည်။

ထို့ကြောင့် မန်ချက်စတာယူနိုက်တက်အသင်းနှင့် မန်ချက်စတာစီးတီးအသင်းတို့အနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် ပီအက်စ်ဂျီအသင်းထံမှ ဂိုးသမား ဒွန်နာရမ်မာကို မည်သည့်အသင်းက ခေါ်ယူသွားနိုင်မည်လဲဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ (ဝဲပုံ)(NGB)

### နိုင်ငံတကာ ကလပ်အသင်းများ၏ ဘောလုံးခြေစမ်းပွဲစဉ်များ နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၃၀-၇-၂၀၂၅ ဗုဒ္ဓဟူးနေ့ | နံနက် ၀၁း၁၅နာရီ | ဟားလ်စီးတီး(အင်္ဂလန်) – ဆန်းဒါးလန်း(အင်္ဂလန်) |
| ။ | ။ | မာဆေး(ပြင်သစ်) – ဝလင်စီယာ(စပိန်) |




## မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင် မင်းလှမြို့နယ် အခြေခံပညာအထက်တန်းကျောင်း၏ နွေရာသီဘင်ခရာသင်တန်းဆင်းပွဲ အခမ်းအနား တက်ရောက်

**မင်းလှ ဇူလိုင် ၂၈**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့အခြေခံပညာအထက်တန်းကျောင်း၏ နွေရာသီဘင်ခရာသင်တန်းဆင်းပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီက မင်းလှမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ တိုင်းဒသကြီးဝန်ကြီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မင်းလှမြို့အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူလေးများက 'မြန်မာ့ကျောင်း' သီချင်းဖြင့် သီဆို၍ အခမ်းနားကို ဖွင့်လှစ်ခဲ့ပြီး မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ် အခြေခံပညာအထက်တန်းကျောင်း ဘင်ခရာသင်တန်းကို ပထမဆုံး ဖွင့်လှစ်နိုင်ပြီး ကျောင်း၏ ကိုယ်ပိုင်ဘင်ခရာအဖွဲ့ ဖွဲ့စည်းနိုင်သောကြောင့် ဝမ်းသာဂုဏ်ယူမိပါကြောင်း 'ဘင်ခရာ' ဟူသော ဝေါဟာရသည် 'ဘင်' နှင့် 'ခရာ' ခေါ် တူရိယာ နှစ်မျိုးကို အလိုက်သင့်တွဲခေါ်ထားခြင်း ဖြစ်ကြောင်း၊ 'ဘင်'သည် အနောက်နိုင်ငံသုံး တီးစရာတူရိယာဖြစ်ပြီး 'ခရာ'သည် မှုတ်စရာတူရိယာဖြစ်ကြောင်း၊ဘင်ခရာအဖွဲ့၏ သဘောသဘာဝ၊ အသင်းစိတ်ဓာတ်နှင့် အသင်းစည်းလုံးညီညွတ်မှု၊ ဖွဲ့ရှိမှု၊ စိတ်အားထက်သန်မှုများက အရေးကြီးကြောင်း၊ စုပေါင်းတီးမှုတ်လှုပ်ရှားခြင်းဖြင့် အများနှင့်လိုက်လျောညီထွေပြုမူဆောင်ရွက်တတ်စေကြောင်း၊ စစ်ရေးပြနှင့် ဂီတပေါင်းစပ်ထားသဖြင့် စိတ်ပိုင်းဆိုင်ရာ တက်ကြွမှုပျော်ရွှင်မှုများဖြစ်ပေါ်စေကြောင်း၊ အသင်းအဖွဲ့လှုပ်ရှားမှုဖြစ်သဖြင့် ဟန်ချက်ညီစွာ လှုပ်ရှားနိုင်စွမ်းရှိပြီး ဂီတရသကို သိရှိခံစားစေကာ ဗလငါးတန်ပြည့်စုံမှုကို ဦးတည်ကြောင်း၊ ဘင်ခရာအဖွဲ့စဉ်ဆက်မပြတ် ဆက်လက်ရှင်သန်အောင် ဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း ပြောကြားခဲ့ပြီး မကွေးတိုင်းဒေသကြီး ပညာရေးမှူး ဒေါက်တာကျော်စိုးနိုင်က ကျေးဇူးတင်စကားပြန်လည် ပြောကြားခဲ့သည်။

ထို့နောက် မင်းလှမြို့ အခြေခံပညာအထက်တန်းကျောင်းမှ ဘင်ခရာအဖွဲ့ဝင် ကျောင်းသား၊ကျောင်းသူလေးများက 'စည်းလုံးခြင်းအတွက်သီချင်းတစ်ပုဒ်' သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူလေးများက 'ဇာတိမာန်' သီချင်းဖြင့်လည်းကောင်း သီဆိုဖြေဖျော်ခဲ့ကြသည်။ ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဘင်ခရာအဖွဲ့ဝင် ကျောင်းသား၊ကျောင်းသူများအား သင်တန်းဆင်းလက်မှတ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ပြီး အမှတ်တရ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။(အပေါ်ဝဲပုံ)

ဆက်လက်၍ အဆိုပါခန်းမ၌ပင် မြို့နယ်စည်ပင်သာယာရေး အဖွဲ့အမှုဆောင်အရာရှိ ဦးဉာဏ်ဦးက အမှိုက်ခွဲခြားစွန့်ပစ်ခြင်းဆိုင်ရာ အသိပညာပေးလုပ်ငန်းအဖြစ် အမှိုက်ခြောက်၊ အမှိုက်စိုၤအန္တရာယ်ရှိသော အမှိုက်နှင့် ပလတ်စတစ်အိတ်အမှိုက်ခွဲခြားစွန့်ပစ်နည်းကို စနစ်တကျခွဲခြား၍ ကျောင်းသား၊ ကျောင်းသူများအား လက်တွေ့သရုပ်ပြသနေမှုကို မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက ကြည့်ရှုခဲ့ကြောင်း သိရသည်။

ဝင်းမြတ်(အထက်မင်းလှ)

## မွေးမြူရေးလုပ်ငန်းများက ဝယ်ယူမှုပုံမှန်သာရှိခြင်းကြောင့် ဆီကြိတ်ဖတ်များ ဈေးကွက်အေးနေ

**မန္တလေး ဇူလိုင် ၂၈**

မန္တလေးပွဲစားကုန်သည် စက်ပိုင်များ မဟာကထိန်တော် အသင်းရှိ ဆီကြိတ်ဖတ်ဈေးကွက် အတွင်းတွင် မွေးမြူရေးလုပ်ငန်းရှင်များက ဝယ်ယူမှုပုံမှန်သာရှိခြင်းကြောင့် ကြိတ်ဖတ်များ ဈေးကွက်အေးလျက်ရှိကြောင်း အဆိုပါအသင်းက ထုတ်ပြန်သော ဈေးနှုန်းများအရ သိရသည်။

ဆီထွက်သီးနှံများကို ကြိတ်ခွဲပြီး စားသုံးဆီများကိုထုတ်လုပ်ပြီးနောက် ထွက်ရှိလာသော ဆီကြိတ်ဖတ်များမှာ မွေးမြူရေး အစာအဖြစ် ပြန်လည်ထုတ်ယူရန် အတွက် မွေးမြူရေးအစာစက်ရုံများက အဓိကထားဝယ်ယူကြကြောင်း၊ယခုအခါတွင် မွေးမြူရေး အစာစက်ရုံများမှ ဝယ်ယူမှုမပြုလုပ်ခြင်းကြောင့် ဈေးကွက်အေးလာခြင်းဖြစ်သည်။

'တိရစ္ဆာန်အစာဈေးကွက် အပေါ်မူတည်ပြီး ဈေးနှုန်းက ပြောင်းလဲမှုတွေ ရှိနေတာဖြစ်ပါတယ်။ အခုက ဈေးကွက်အတွင်းမှ စက်ရုံတွေက အဝယ်ပုံမှန်လောက်ပဲ ရှိတယ်။ ကြိတ်ဖတ်ရောင်းချတဲ့သူကများနေတော့ အရင်တစ်ပတ်စာရင်း တစ်ပိဿာကို ငွေကျပ် ငါးရာဝန်းကျင်လောက်ကျလာတယ်။ ဈေးကွက်လည်းအေးနေတယ်'ဟု အဆိုပါအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မန္တလေးဈေးကွက်အတွင်း ဇူလိုင်လစတုတ္ထသီတင်းပတ်တွင် မြေပဲဖတ်မှာ တစ်ပိဿာလျှင် ငွေကျပ် ၄၅၀၀ ဝန်းကျင်၊နှမ်းဖတ် တစ်ပိဿာလျှင် ငွေကျပ် ၂၉၀၀၊ မုန့်ညင်းဖတ်မှာ တစ်ပိဿာလျှင် ငွေကျပ် ၂၅၀၀ ဝန်းကျင်ဈေးနှုန်း ရှိနေကြောင်း၊ လက်ရှိအနေအထားအရ ဈေးကွက်အတွင်း ပစ္စည်း အရေအတွက်ရှိနေခြင်းကြောင့် အဝယ်လိုက်လာခြင်းမရှိလျှင် ဈေးနှုန်းအနည်းငယ် ထပ်မံကျမည့် အခြေအနေတွင်ရှိကြောင်း ကုန်သည်များက သုံးသပ်ကြသည်။

မန္တလေးပွဲစားကုန်သည် စက်ပိုင်များ မဟာကထိန်တော် အသင်းတွင် မန္တလေးမြို့နှင့်အနီးတစ်ဝိုက်မှ ဆီကြိတ်ဖတ်များ ရောင်းချနိုင်ရန်အတွက် နေ့စဉ် မြေပဲဖတ်၊ နှမ်းဖတ်၊ မုန့်ညင်းဖတ်များကို ဈေးကွက်တစ်ခုအနေဖြင့် ဖွင့်လှစ်ပေးထားကြောင်း၊ မြေပဲ၊ နေကြာ၊နှမ်းဈေးနှုန်းအနိမ့်အမြင့်မှာ တိရစ္ဆာန်အစာစက်ရုံများ ဝယ်ယူမှုရှိပြီး တိရစ္ဆာန်အစာတောင့် စက်ရုံများမှ နေကြာဖတ်ကို အဓိကထားဝယ်ယူကြကြောင်း၊ ငါးမွေးမြူရေးလုပ်ငန်းများမှ မြေပဲဖတ်၊ နှမ်းဖတ်များကို အဓိကထားဝယ်ယူကြကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-ရ)



## ပြင်ဦးလွင်မြို့၌ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေ

**ပြင်ဦးလွင် ဇူလိုင် ၂၈**

မန္တလေးလျှပ်စစ်ဓာတ်အားပေးကော်ပိုရေးရှင်းမှ ပြင်ဦးလွင်မြို့နယ်တွင် လျှပ်စစ်ဓာတ်အား ဗို့အားပြည့်သုံးစွဲနိုင်ရေးနှင့် ဓာတ်အားပျောက်ဆုံးမှု လျော့နည်းစေရေး၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးတို့အတွက် မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများတွင် ထရန်စဖော်မာများ တိုးချဲ့တပ်ဆင်ခြင်း၊ ကာဗာပါကြေးလိုင်းကြိုးသစ်များ လဲလှယ်တပ်ဆင်ခြင်း၊ ဓာတ်အားလိုင်းနှင့်ထိစပ်နေသော သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

'ပြင်ဦးလွင်မြို့နယ်အတွင်းရှိ 11 KV ဓာတ်အားလိုင်း တစ်လျှောက် ဓာတ်အားပြတ်တောက်မှုလျော့နည်းစေရေးနှင့် ဗို့အားပြည့်ဝစွာသုံးစွဲနိုင်ရေးအတွက် ကြံ့ခိုင်မှု ရှိ၊ မရှိ စစ်ဆေးခြင်း၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရန် သစ်ပင်၊သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ မြို့ပေါ်၊ရပ်ကွက်များတွင် သွယ်တန်းထားသော ဓာတ်အားလိုင်းများနှင့် ထရန်စဖော်မာများ၊ ဓာတ်အားခွဲရုံများတွင် ကြွေသီးများ အသစ်လဲလှယ်ခြင်း၊ လိုင်းအပြစ်ရှာဖွေရာတွင် လွယ်ကူစေရန် D/S တပ်ဆင်ခြင်း၊ ဓာတ်အားလိုင်းထိန်းသိမ်းခြင်း၊ ထရန်စဖော်မာများဝန်းကျင်၌ သန့်ရှင်းရေးများ ပြုလုပ်ပေးခြင်းဖြစ်ကြောင်း' ပြင်ဦးလွင်ခရိုင်လျှပ်စစ် မန်နေဂျာရုံးမှ သိရသည်။

ပြင်ဦးလွင်မြို့၌ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် ဓာတ်အားပျောက်ဆုံးမှုလျော့နည်းရေး ဆောင်ရွက်ခြင်းများအပြင် ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေးအတွက် စာသင်ကျောင်း၊ ဈေးနှင့် လူစည်ကားရာနေရာများတွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ (အောက်ပုံ)

(၃၆၆)



နေရောင်အောက်က
သက်ရှိတွေကို
စောင့်ရှောက်ဖို့
အိုဇုန်းလွှာကို ထိန်းသိမ်းစို့ ။

## စစ်ကိုင်းပညာရေးတက္ကသိုလ်တွင် အတန်းပေါင်းစုံ ဘတ်စကတ်ဘော (ကျား၊ မ)ပြိုင်ပွဲ ကျင်းပ

**စစ်ကိုင်း ဇူလိုင် ၂၈**

စစ်ကိုင်းပညာရေးတက္ကသိုလ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အတန်းပေါင်းစုံဘတ်စကတ်ဘော (ကျား၊မ)ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက အဆိုပါ တက္ကသိုလ်ရှိ အားကစားခန်းမတွင် ကျင်းပရာ ပါမောက္ခချုပ် ဒေါက်တာ အေးသက်သက်ဝင်း၊ ဒုတိယပါမောက္ခချုပ်များ၊ပါမောက္ခဌာနမှူးများ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် စစ်ကိုင်းပညာရေးတက္ကသိုလ် ပါမောက္ခချုပ်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာ အဓိဋ္ဌာန် ရွတ်ဆိုကြသည်။

ထို့နောက် စစ်ကိုင်းပညာရေးတက္ကသိုလ် အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌက ဖူဆယ်ပြိုင်ပွဲအား ဖွင့်လှစ်ကြောင်း ကြေညာသည်။

စစ်ကိုင်းပညာရေးတက္ကသိုလ် အတန်းပေါင်းစုံ ဘတ်စကတ်ဘော ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း အမျိုးသားငါးသင်း၊အမျိုးသမီး ငါးသင်း၊ စုစုပေါင်းအသင်း ၁၀သင်း ပါဝင်ယှဉ်ပြိုင်ကြပြီး လေးရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

နေလင်းအောင်(ပြန်/ဆက်)

*-*-*

*-*-*-*-*-*-*



## တတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**တောင်ကြီး ဇူလိုင် ၂၈**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့နယ်၊ နမ်းဆီး ကျေးရွာအုပ်စု၊ ရတနာဥယျာဉ် ကျေးရွာအနီး ထင်းကြိုးဝိုင်း အကွက်(၆)၌ ဇူလိုင် ၂၆ ရက် နံနက် ၈ နာရီက တတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ် အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က အဖွင့်အမှာစကားပြောကြားရာမှာ ၂၀၂၅ ခုနှစ် မိုးရာသီအတွင်း သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားတွေကို ကျင်းပဆောင်ရွက်နေခြင်းဟာ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်သာယာလှပရေး၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေး၊ သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရေး၊ တောတောင်ရေမြေကို ထိန်းသိမ်းပြီး သဘာဝဘေးအန္တရာယ်များမှ တားဆီးကာကွယ်နိုင်ရေး၊ ရာသီဥတုမျှတ ကောင်းမွန်စေရေးတို့အတွက် ပြည်သူလူထုက ပူးပေါင်းပါဝင်ဆောင်ရွက်မှုကို မြှင့်တင်ပေးဖို့ ရည်ရွယ်ပြီး ကျင်းပတာဖြစ်ကြောင်း၊ နိုင်ငံရဲ့ လူဦးရေ အများစုဟာ ကျေးလက်ဒေသတွေမှာ နေထိုင်ကြတာဖြစ်တဲ့အတွက် ကျေးလက်ထင်းလောင်စာ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရေး ကျေးရွာထင်းစိုက်ခင်းတွေ စိုက်ပျိုးတည်ထောင်ဖို့၊ နိုင်ငံနဲ့အဝန်း ကျေးရွာတွေမှာ ဒေသအလိုက် သင့်တော်တဲ့ အရိပ်ရပင်၊ လေကာပင်တွေကို စဉ်ဆက်မပြတ် စိုက်ပျိုးဖို့၊ တောင်ထိပ်၊ တောင်ကုန်း၊ တောင်တန်းတွေမှာ သစ်ပင်၊ သစ်တောတွေ ထိန်းသိမ်းဖို့၊ သစ်ပင်တွေစိုက်ပျိုးဖို့ စတဲ့ သစ်ပင်၊ သစ်တော စိုက်ပျိုးထိန်းသိမ်းရေး လုပ်ငန်းတွေကို ထိထိရောက်ရောက် အောင်မြင်စေရန် ဆောင်ရွက်ကြရမှာ ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းဦးစီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက စိုက်ပျိုးရန် သစ်ပင်များနှင့် ၂၀၁၆ ခုနှစ် အမျိုးသားစာပေဆုရ စာရေးဆရာ ကျော်ဦးရေးသားထားသော မိုးရေလှောင်ကန် စာအုပ်များ ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူသည်။ **(အပေါ်ပုံ)**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းဦးစီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သစ်ပင်စိုက်ပျိုးမည့်နေရာတွင် နေရာယူ၍ တက်ရောက်လာသူများက သစ်ပင်များ စိုက်ပျိုးပေးကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သစ်ပင်စိုက်ပျိုးနေသော ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများ၊ ဒေသခံပြည်သူများအား လှည့်လည် ကြည့်ရှုအားပေးသည်။

အဆိုပါ တတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် ထင်းရှူး၊ ချယ်ရီ၊ စိန်ပန်းပြာ၊ စိန်ပန်းနီ၊ စွယ်တော်၊ မာတာကွတ်၊ ပိတောက် စသည့် သစ်မျိုးပျိုးပင် စုစုပေါင်း ၁၅၃၀ ပင်ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

(၃၆၈)

## ဆောင်းဒါးရက်ကန်နှင့် အသက်မွေးပညာသိပ္ပံဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့်တွေ့ဆုံ၊ လျှော်ဒဏ်ကြောင့်ပျက်စီးခဲ့သည့် လက်တွေ့သင်ကြားရေးအဆောက်များ ပြုပြင်ပြီးစီးမှု စစ်ဆေး

**မန္တလေး ဇူလိုင် ၂၈**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် တာဝန်ရှိသူများ လိုက်ပါလျက် ဇူလိုင် ၂၅ ရက် မွန်းလွဲပိုင်းက အမရပူရမြို့နယ်ရှိ ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံသို့ ရောက်ရှိပြီး မန္တလေးငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် လက်တွေ့သင်ကြားရေးအဆောက်များ၊ အမရမေ အမျိုးသမီးအဆောင်၊ စားရိပ်သာ ပြုပြင်ပြီးစီးမှုများနှင့် ရက်ကန်း အထည်အလိပ် ပြတိုက်တို့အား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံခန်းမတွင် ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တွေ့ဆုံပြီး ရည်ရွယ်ချက်ကိုယ်စီဖြင့် လာရောက်ပညာသင်ကြားကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဝမ်းမြောက်ဂုဏ်ယူကြောင်း ပြောကြားပြီး ကာလတိုသင်တန်းဖြစ်သည့် ဖက်ရှင်ဒီဇိုင်းပညာရပ်ကို အလေးထား သင်ကြားကြရန် မှာကြားသည်။ ထို့နောက် ဝန်ထမ်းများနှင့်တွေ့ဆုံပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

(ဝ၄၅)

*-*-*-*-*



## 'ကနုတ် နာရီ ကပီ ဂဇာ' မြန်မာ့ရိုးရာပန်းချီပြပွဲ ရက်ရှည်ပြသ

**မန္တလေး ဇူလိုင် ၂၈**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ အမှတ်(၁၀၈)၊ ၃၂(A) လမ်း၊ ၇၃လမ်းနှင့်၇၄လမ်းကြားရှိ ပရိတ္တဝါ အနုပညာပြခန်းတွင် 'ကနုတ် နာရီ ကပီ ဂဇာ' မြန်မာ့ရိုးရာပန်းချီပြပွဲကို ဇူလိုင် ၁၁ ရက်မှ ဇူလိုင် ၃၁ ရက်အထိ ရက်ရှည် ခင်းကျင်းပြသလျက်ရှိသည်။ **(အောက်ယာပုံ)**

အဆိုပါပြပွဲတွင် ပန်းချီဆရာများဖြစ်သော ဆရာ မောင်မောင်သီရိ၊ ဆရာ တင်ငွေအောင်၊ ဆရာမ လွင်လွင်လှိုင်ရွှေ၊ ဆရာ ဟိဏ်းဇော်၊ ဆရာ ကောင်းမင်းဝေ၊ ဆရာ မင်းခန့်၊ ကေလာတို့၏ ပန်းချီကားများ ပါဝင်ပြသထားပြီး ရွှေရေးပန်းချီ၊ ရေဆေး၊ အခရိုင်းလစ်၊ မိုင်းကိုင်စက္ကူပေါ်ဆွဲသော ပန်းချီကားများ ပါဝင်ပြသထားသည်။

မြန်မာ့ရိုးရာပန်းချီ မြတ်နိုးသူများ ကြည့်ရှုလေ့လာလိုပါက မည်သူမဆို အခမဲ့ လာရောက်လေ့လာကြည့်ရှုနိုင်သည်ဟု ပန်းချီပြခန်းတည်ထောင်သူ ဆရာ စစ်ငြိမ်းက ပြောသည်။ ပန်းချီပြပွဲအား နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ပြသထားကြောင်း သိရသည်။

**PNT**



## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာလျှင် ၇၅ ကျပ် ဈေးတက်

**မန္တလေး ဇူလိုင် ၂၈**

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း ယခုတစ်ပတ်တွင် တစ်ပိဿာလျှင် ငွေကျပ် ၆၁၃၀ ဖြစ်ကြောင်း စားသုံးသူရေးရာဦးစီးဌာနမှ ထုတ်ပြန်ကြေညာထားသည်။

ပြီးခဲ့သည့် တစ်ပတ် ဇူလိုင် ၂၁ ရက်မှ ဇူလိုင် ၂၇ ရက်အထိ စားအုန်းဆီ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးသည် တစ်ပိဿာလျှင် ငွေကျပ် ၆၀၅၅ ဖြစ်ခဲ့ပြီး ယခုတစ်ပတ် ဇူလိုင် ၂၈ ရက်မှ ဩဂုတ် ၃ ရက် ရည်ညွှန်းဈေးသည် ငွေကျပ် ၆၁၃၀ ဖြစ်သဖြင့် ၇၅ ကျပ် ဈေးတက်သွားခြင်းဖြစ်သည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ် ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။



ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်-၅)

### အမြန်နှုန်းသတ်မှတ်ချက် လိုက်နာရန်

- ➢ မြို့နယ်နယ်နိမိတ်အတွင်း ၁ နာရီလျှင် မိုင် ၃၀ (၄၈) ကီလိုမီတာထက် ပို၍ မမောင်းရ။
- ➢ မြို့နယ်နယ်နိမိတ်ပြင်ပ၌ ၁ နာရီလျှင် မိုင် ၅၀ (၈၀) ကီလိုမီတာထက် ပို၍ မမောင်းရ။
- ➢ လမ်းညွှန်မှတ်တိုင်ဖြင့် ကန့်သတ်ထားသောနေရာများတွင် ကန့်သတ်အမြန်နှုန်းအတိုင်း မောင်းနှင်ရမည်။


**ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

# မန္တလေးနဲ့ငလျင် (ဌာပနာအမွေအနှစ်များ-၃)

မန္တလေးတစ်ခို ၂၈-၃-၂၀၂၅ ရက်နေ့က လှုပ်ခတ်ခဲ့တဲ့ အင်အားပြင်းငလျင်ကြီးကြောင့် ဘုရားပုထိုးစေတီကျောင်းကန်များစွာပဲ ပျက်စီးထိခိုက်ခဲ့ပါတယ်။ ခုနစ်ရက်သားသမီးအပေါင်း စိတ်ထိခိုက်ခဲ့ကြရပြီး ပြန်လည်ထူထောင်ဖို့ကိုလည်း တတ်အားသရွေ့ ကျရာအခန်းကဏ္ဍကနေ ပူးပေါင်းပါဝင်ဆောင်ရွက်နေကြပါတယ်။ ရှေးဟောင်းသုတေသနဌာနအနေနဲ့လည်း မပျက်စီးခင် ငယ်စာရင်းကို အခြေခံလို့ ပျက်စီးဆုံးရှုံးမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေးပြီး စာရင်းများ ကောက်ယူခြင်း၊ အသေးစိတ်တိုင်းတွာစစ်ဆေးခြင်းနဲ့ ပြုပြင်ရန် ခန့်မှန်းခြေကုန်ကျမှုတွက်ချက်တင်ပြခြင်းများကို ဦးစားပေးအဆင့်များအလိုက် ထိန်းသိမ်းရေးဆိုင်ရာ အင်ဂျင်နီယာများက ဆောင်ရွက်လျက်ရှိပါတယ်။ တစ်ခါအဲ့ဒီလို ကွင်းဆင်းဆောင်ရွက်ရင်း တွေ့ရှိလာရတဲ့ ဌာပနာပစ္စည်းများကိုလည်း မှတ်တမ်းတင်ခြင်း၊ ခေတ်ကာလစစ်ဆေးခြင်းများကို သုတေသနဝန်ထမ်းများက တာဝန်ယူဆောင်ရွက်ကြရပြန်ပါတယ်။ ရှေ့ဆောင်းပါးများမှာ ဘုရားစေတီများ တည်ဆောက်ကြတဲ့အခါ ဘာကြောင့်ရွှေငွေဆင်းတုနဲ့ အဖိုးတန်ရတနာတွေ ထည့်သွင်းဌာပနာရတာလဲ စေတီဘယ်နှမျိုးရှိသလဲ၊ ဘယ်လိုပုဂ္ဂိုလ်များရဲ့ ဓာတ်တော်မွေတော်များကသာ စေတီတည်ရင် ဌာပနာအဖြစ် ထည့်ထိုက်တာလဲ ဆိုတာတွေရယ်၊ တံတားဦးမြို့နယ် တဲတော်ရာအရပ်က ပေါင်းလဲကြီးဘုရားဝင်းထဲက ဘုရားအမှတ် (၉၀)ထဲက တွေ့လာရတဲ့ ထူးခြားရှားပါးတဲ့ ဌာပနာဆင်းတုတော်လေး အကြောင်းများကို သုတေသနရှုထောင့်ကနေ တင်ပြခဲ့ပြီး ဖြစ်ပါတယ်။ အခုတစ်ခါ အမရပူရမြို့ဟောင်း အောင်မြေရွှေဘုံဘုရားပျက်စီးမှုကို ရှင်းလင်းကြစဉ် တွေ့လာရတဲ့ ထူးခြားတဲ့ ဌာပနာအရုပ်လေးနဲ့ ဆက်စပ်နေတဲ့ ဆင်းတုတော် အကြောင်းကို သုတေသနရှုထောင့်ကနေ ဗဟုသုတ အလို့ငှာ တင်ပြလိုပါတယ်။

ဘုရားစေတီများ တည်ထားကြတဲ့အခါ များသောအားဖြင့် ရွှေငွေကို သွန်းလောင်းထားတဲ့ (သို့မဟုတ်) အပြားခတ်ထားတဲ့ ဘုရားဆင်းတုတော်များ ကြေးသွန်းလောင်းထားတဲ့ ဆင်းတုတော်အပါအဝင် သတ္တသတ္တာဟရုပ်များနဲ့ အခြားဗုဒ္ဓဝင်ဆိုင်ရာ ရုပ်လုံးလေးများကို ရွေးချပြီး ဌာပနာလေ့ရှိပါတယ်။ ပြီးတော့ သုတ္တန်နဲ့ပဋ္ဌာန်းတော်များ ရေးသားထားတဲ့ ရွှေငွေပေလွှာတို့ ထီးဖြူတို့အပြင် အဖိုးတန်ရတနာများ၊ ဘုရားကို ရည်မှန်းလှူဒါန်းတဲ့ အခြားပစ္စည်းများကိုလည်း မိမိတို့ သဒ္ဓါတရားအလိုက် ထည့်သွင်းလှူဒါန်းကြလေ့ရှိပါတယ်။ ဒါက ပုံမှန်အနေနဲ့ ထည့်သွင်းဌာပနာလေ့ရှိတဲ့ အခြေအနေပါ။ တွေ့ရခဲ့သော်လည်း တစ်ခါတစ်ရံမှာတော့ ဘုရားတည်သူ ဒါယကာက အစီအရင် သဘောမျိုး ရုပ်လုံးလေးတွေကို တွေ့ရလေ့ရှိပြန်ပါတယ်။ အထက်မှာ ဖော်ပြခဲ့တဲ့ အောင်မြေရွှေဘုံဘုရားထဲကနေ ထုံးစံအတိုင်း ရွှေငွေပြားခတ်ဆင်းတုတော်များ၊ ကြေးသွန်းဗုဒ္ဓဝင်ရုပ်လုံးများနဲ့အတူ ဖောင်းဆောင်းထားတဲ့ ဘုရင်ရုပ်တုလေး တစ်ခုကို ထူးခြားစွာ တွေ့ခဲ့ရပါတယ်။အဲ့ဒီအရုပ်



ဟာ ဌာပနာထည့်သွင်းလေ့ရှိတဲ့ အစဉ်အလာမှာ တွေ့ရခဲ့တဲ့ ရုပ်လုံးမျိုးဖြစ်ပြီး ဒါပထမဆုံး တွေ့ရခြင်းပါ။ ဒီတော့ မင်းရုပ်တုဟုတ်ရဲ့လား၊ လက်ထဲမှာ ကိုင်စွဲထားတာဘာတွေလဲ ဆိုတဲ့မေးခွန်းတွေ ရှိလာပါတယ်။အဲ့ဒီမေးခွန်းတွေကို တစ်ခုချင်း ဖြေပါ့မယ်၊ အခုတွေ့ရတဲ့ ရုပ်တုလေးဟာ ဘုရင်ရုပ်တုဖြစ်တာ သေချာပါတယ်။ ခေါင်းပေါ်မှာ သရဖူ မဟုတ်ဘဲ ဖောင်းဆောင်းထားပေမယ့် နားကင်းမပါလို့ ဗြဟ္မာရုပ်မဟုတ်တဲ့အပြင် မင်းမြောက်တန်ဆာငါးပါးကို ဝတ်ဆင်ထားလို့ပါ။ ညာလက်မှာ သန်လျက်ကိုင်လို့ ဘယ်လက်မှာတော့ စကြာလက်နက်ကို ကိုင်ထားပါတယ်။ ဒါဆို ဘာကြောင့် ဘုရားဌာပနာထဲမှာတွေ့ရတာလဲ၊ ရှေးမြန်မာဘုရင်များဟာ သက်ဦးဆံပိုင် ပဒေသရာဇ်ဆိုပေမယ့် နန်းတက်ပြီး အချိန်ကာလို့ သာသနာ့ဒါယကာအဖြစ် ဘုရားတည်၊ ကျောင်းဆောက်ခြင်း စတဲ့ ကောင်းမှုကုသိုလ်တွေ လုပ်လေ့ရှိပါတယ်။ အခုလည်း အောင်မြေရွှေဘုံဘုရားဟာ သမိုင်းအလိုအရ အမရပူရ ပထမမြို့နန်းတည် ဘိုးတော်ဗဒုံမင်းကောင်းမှုပါ။ ဘိုးတော်ဗဒုံမင်းဟာ ကုန်းဘောင်မင်းဆက်မှာ နန်းသက်အရှည်ဆုံး ဘုရင်ဖြစ်သလို ကုန်းဘောင်ခေတ်ရဲ့ အထွတ်အထိပ်ဆိုရင်လည်း မမှားပါဘူး။ ဒါ့အပြင် ဘိုးတော်ဟာ သူ့ကိုယ်သူ ဆုကြီးပန်လို့ ပြောလေ့ရှိပါတယ်။ ဒါကြောင့် ဘုရားဌာပနာမှာ ဘုရင်ရုပ်ကိုလည်း ထည့်သွင်းဌာပနာခြင်းဖြစ်မယ်လို့ သုံးသပ်နိုင်ပါတယ်။ မြန်မာဘုရင်ဆိုတာ သေချာစေချင်လို့ ညာလက်ထဲမှာ မင်းမြောက်တန်ဆာငါးပါး အပါအဝင်ဖြစ်တဲ့ သန်လျက်ကို ကိုင်လျက်သား ထုလုပ်စေတာပေါ့။ နောက်မေးခွန်းက ဘယ်လက်မှာ ကိုင်စွဲထားတဲ့ စကြာလက်နက်အကြောင်းပါ။ ဘိုးတော်ဟာ သူ့လက်ထက်မှာ ကပ္ပိတိုင်း ပဉ္စာလရာဇ်ပြည်(ယနေ့ ပန်ဂျပ်ပြည်နယ်)ကို ကျမ်းစာစုဖို့ အကြောင်းပြချက်နဲ့ ဝန်ကြီး၊ မှူးမတ်အဖွဲ့များ စေလွှတ်ခဲ့ပါတယ်။ သူတို့အပြန်မှာ သက္ကဋကျမ်းစာတွေ၊ ကပ္ပိလရုပ်တု၊ ဗြာဟ္မဏပုဏ္ဏား ပညာရှိများကို ပင့်ဆောင်လာခဲ့ပါတယ်။ ပဉ္စာလရာဇ်ပြည် မဟာရာဂျာကလည်း သူ့ရဲ့အမတ်ကြီး ဒေဗီဒတ်နဲ့အတူ လက်ဆောင်ပဏ္ဏာတွေ ထည့်ပေးလိုက်ရာမှာ အိန္ဒိယပြည်မှာ ထင်ရှားကျော်ကြားပြီး ကြောက်စရာကောင်းတဲ့ စကြာလက်နက်နဲ့ ကျွမ်းကျင်သူများလည်း အမရပူရ ရွှေမြို့တော်ကို ပါလာခဲ့ပါတယ်။ စကြာလက်နက်ဆိုတာ မာကြောလှတဲ့ ဝိုင်းနေတဲ့ သံပြားကို အပြင်ပိုင်းက အသွားထက်နေအောင် ဖန်တီးထားပြီး ကျွမ်းကျင်စွာ ပစ်ခတ်လိုက်ပါက သူနဲ့ထိတဲ့အရာမှန်သမျှ အပိုင်းပိုင်းပြတ်ထွက်စေတဲ့ လက်နက်တစ်မျိုးပဲ ဖြစ်ပါတယ်။ အိန္ဒိယလေသံနဲ့ဆို 'ချက္ကရ'လို့ အသံထွက်ပြီး မြန်မာလိုတော့ စကြာပေါ့။ မြန်မာတို့ရဲ့ မြတ်ဗုဒ္ဓဟောခဲ့တဲ့ နိပါတ်တော်တွေထဲမှာ စကြဝတေးမင်းတို့၊ စကြာလက်နက်တို့ဆိုတာ အတော်လေးလွှမ်းမိုးမှု ရှိခဲ့သလို ပျူခေတ်ဟိန္ဒူနတ်ဆိုင်ရာ ရုပ်ကြွတွေနဲ့ ပုဂံခေတ်နံရံဆေးရေးတွေမှာ ဗိဿနိုးနတ်မင်းကြီး စွဲကိုင်ထားတဲ့ 'စက္ကပါဏိ' လက်နက်ဆိုတာ အဲ့ဒီအပိုင်းသဏ္ဌာန် ချက္ကရပါပဲ။ နောက်ပြီး ခေတ်အဆက်ဆက် သမိုင်းထဲက ဘုရင်တွေကို လေ့လာကြည့်ရင် ရှည်လျားလှတဲ့ ဘွဲ့တော်တွေနဲ့ ထီးနန်းတက်ခဲ့ကြသော်လည်း စကြာလက်နက်သခင် ဆိုတဲ့ အသုံးအနှုန်းမျိုးကိုတော့ ဘိုးတော်ဗဒုံမင်း လက်ထက်မှာ စတင်သုံးစွဲခဲ့ကြောင်း တွေ့ရပါတယ်။ အဲ့ဒါကလည်း အိန္ဒိယကနေ ချက္ကရ(ခေါ်) စကြာလက်နက်ရရှိခဲ့ပြီး အဲ့ဒါကို အလွန်နှစ်သက်သဘောကျလို့ရယ်၊ စာပေကျမ်းဂန် အထောက်အထားများနဲ့ ကိုက်ညီနေလို့ရယ်ကြောင့်ဖြစ်မယ်လို့ ကောက်ချက်ချနိုင်ပါတယ်။

ဘိုးတော်ဗဒုံမင်းဟာ စကြာလက်နက်ကို ဘယ်လောက်အထိ သဘောကျသလဲဆိုရင် သူ့လက်ထက် အမရပူရခေတ်လက်ရာ စကျင်ကျောက်ဆင်းတုတော်တစ်ဆူမှာ ကိုင်စွဲထားဟန် ထုလုပ်ခဲ့တာကို တွေ့ရပါတယ်။ ပုံမှန်အားဖြင့် ဘုရားဆင်းတုတော်တစ်ဆူ ထုလုပ်မယ်ဆိုရင် ဗောဓိရိုးလို့ အလွယ်ခေါ်နေကြတဲ့ ခြေချိတ်ထိုင်လျက် ဘယ်လက်ရှာနမုဒြာ၊ ညာလက်ဘူမိဖဿမုဒြာ ဟန်မျိုးကိုသာ ထုလုပ်လေ့ရှိပါတယ်။ အခုတင်ပြထားတဲ့ ဆင်းတုတော်က ခြေနှစ်ဖက်ထပ်ထိုင်နေပြီး ဘယ်လက်က မဟာကရုဏာမုဒြာ၊ ညာလက်ကတော့ စကြာလက်နက်ကိုင်ထားတဲ့ 'စက္ကဟတ္ထ'ဟန် ထူးခြားစွာ ထုလုပ်ထားတာ တွေ့ရပါတယ်။ ဟိန္ဒူနတ်တွေလို လက်မြှောက်ပြီး ကိုင်တာမဟုတ်ဘဲ လာဘမုဒြာလိုလက်ထဲမှာ စကြာလက်နက်ထည့်ကိုင်ထားဟန် ထုထားတဲ့ သဘောပါ။ မြန်မာ့ရိုးရာ ဆင်းတုတော် ပဋိမာပညာအရ လေ့လာကြည့်ရင် မျက်လုံး၊ မျက်ခုံး၊နှာခေါင်းပါးစပ်အပါအဝင် မျက်နှာတော်၊ ဦးခေါင်းတော်၊ မဏိတော်နဲ့ ဥဏှိသရောင်လျှံတော်၊ သင်္ကန်းတော်များရဲ့ ပုံစံနဲ့ဟန်ပန်အနေအထားတို့ကို လေ့လာတွေ့ရှိချက်များအရ အမရပူရခေတ်လက်ရာလို့ သုံးသပ်နိုင်ပါတယ်။ အဲ့ဒီဆင်းတုတော်ကို ရှေးမြန်မာမင်းများ အစဉ်အဆက်ကိုးကွယ်ခဲ့ကြတဲ့ ဆင်းတုတော်များနဲ့အတူ တွေ့ရပြီး အင်္ဂလိပ်ထံ သီပေါမင်းပါတော်မူတော့ နန်းတွင်းက နန်းဦးဆုတောင်းပြည့်ဘုရားမှာ ဦးစွာပြောင်းရွှေ့ထားခဲ့ပါတယ်။ နောက်တော့ ဆုတောင်းပြည့် ဘုရားကနေ ရွှေကျီးမြင်ဘုရား ဂန္ဓကုဋီတိုက်ထဲ ပြောင်းရွှေ့ကိန်းဝပ်စံပယ်ပူဇော်တဲ့အခါ နန်းစဉ်ဘုရားများအတူ တစ်ဆူအပါအဝင်အဖြစ် အပူဇော်ခံထားတာကို ထူးခြားစွာ ဖူးတွေ့ရပါတယ်။ ဒါတိုက်ဆိုင်မှုတစ်ခုထက် ပိုတယ်လို့ ဆိုနိုင်ပါတယ်။ ဗုဒ္ဓဘာသာဝင်တွေ အထွတ်အမြတ်ကိုးကွယ်ကြတဲ့ ဆင်းတုတော်ကိုလည်း ထူးခြားတဲ့ စကြာလက်နက်ကိုင်စွဲထားဟန်နဲ့ ထုလုပ်ခဲ့တယ်။ ဘုရားစေတီထဲ ဌာပနာထည့်သွင်းတော့လည်း အစဉ်အလာရုပ်တုများအပြင် မင်းဝတ်တန်ဆာငါးပါးနဲ့တကွ ညာလက်မှာ သန်လျက်ကိုင်စွဲထားရုံသာမက ဘယ်လက်ထဲမှာ စကြာလက်နက်ကို စွဲကိုင်ထားဟန် သွန်းလောင်းထုလုပ်စေပြီး အခြားသော ဗုဒ္ဓဝင်ဆိုင်ရာဘုရားရုပ်တုများနဲ့အတူ ဌာပနာစေခဲ့တယ်ဆိုတာ ပြောမယုံကြုံဖူးလို့သာ သိခွင့်ရကြရတာပါ။ သိရတာကလည်း အင်အားပြင်းငလျင်ကြီး လှုပ်ခတ်လိုက်လို့ ပြိုပျက်သွားတဲ့ စေတီထဲက ပေါ်ထွက်လာလို့ပါ။ ဒါကြောင့် သုတေသနရှုထောင့်ကနေ အဆိုးထဲက အကောင်းလို့ ဖြေတွေးတွေးလိုက်မိခြင်း ဖြစ်ပါတယ်။

သုတေသနဆိုတာ ပြီးပြည့်စုံသွားတယ် မရှိပါဘူး။ သဘာဝတရားကြီးက ဖုံးကွယ်ပေးထားသလို သဘာဝတရားကြီးကပဲ လှစ်ဟဖော်ထုတ်ပေးပြန်ပါတယ်။ အခုလည်း သာမန်အားဖြင့် ဟိန္ဒူနတ်မင်းကြီး ဗိဿနိုးကိုင်စွဲလေ့ရှိတဲ့ စက္ကပါဏိ(ခေါ်)စကြာလက်နက်ဆိုတာ ဗုဒ္ဓဘာသာနဲ့ပတ်သက်မှု မရှိခဲ့ပါဘူး။သို့သော် သမိုင်းထဲက အမရပူရပြည့်ရှင် ဘိုးတော်ဗဒုံမင်းလက်ထက်မှာ မြန်မာ့မြေပေါ်ကို အဲ့ဒီ စကြာလက်နက် ရောက်လာခဲ့တယ်။ ဘုရင်ကြီးကလည်း အဲ့ဒီ လက်နက်အစွမ်းကို သဘောကျသွားတဲ့တယ်။ ဘယ်လောက်တောင်များ သဘောကျခဲ့သလဲဆိုရင် ဘုရားဆင်းတုတော်မှာ ကိုင်စွဲထားဟန် စက္ကဟတ္ထအဖြစ် ထုလုပ်ကိုးကွယ်ခဲ့ရုံသာမက စေတီတည်တော့လည်း သူကိုယ်တိုင် ကိုင်စွဲထားဟန် အဖြစ် ကြေးနဲ့သွန်းလောင်းစေပြီး အခြားဗုဒ္ဓဝင်ရုပ်တုများနည်းတူ ထည့်သွင်းဌာပနာစေခဲ့တယ်။ အဲ့ဒီအကြောင်းတွေကို စာပေအနေနဲ့ သိသာထင်ရှားစွာ မှတ်တမ်းတင်ထားတာ မရှိခဲ့ဘူး။ 'လက်အန်ဆန့်သော်၊ ပြည်ထောင်ဘော်လည်း၊ မပေါ်ဝံ့ကြီး၊ စက်နှယ်လှီးမျှ' 'အရှင်လတ်လတ် စက်နှယ်ဖြတ်သား'ဆိုတဲ့ ရှေးစာအထောက်အထားလောက်သာ တစ်စွန်းတစ်စ သိရှိခဲ့ရပါတယ်။ အခု အဲ့ဒါနဲ့ပတ်သက်ပြီး အထောက်အထားတစ်ရပ်အဖြစ် ကြေးသွန်းရုပ်တုနဲ့ စကျင်ကျောက် ဆင်းတုတော်တို့ကို တွေ့ရှိလာရလို့ ဆင့်ပွားသုတေသနပြုတင်ပြလိုက်ရပါကြောင်း။

ကျမ်းကိုး။ ။မှန်နန်းရာဇဝင်တော်ကြီး
မြန်မာ့ရိုးရာ ဆင်းတုတော်
ပဋိမာသိပ္ပံပညာ(စဝ်ထွန်းမှတ်ဝင်း)

ရက္ခိတ(ရှေး / သု)

## မြို့သစ်မြို့နယ်တွင် အမျိုးသား၊ အမျိုးသမီး အခြေပြုအကြမ်းဖက်မှုဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ (Talk Show) ကျင်းပ

**မြို့သစ် ဇူလိုင် ၂၈**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် ကျား၊ မ အခြေပြုအကြမ်းဖက်မှုနှင့် ပတ်သက်၍ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေးအတွက် ကျား၊ မ အခြေပြုအကြမ်းဖက်မှုဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ (Talk Show)ကို ဇူလိုင် ၂၄ ရက် မွန်းလွဲ ၂နာရီက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန (Community Centre) ခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ အသိပညာပေးဆွေးနွေးပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဒေါ်ဝင်းအိစွန် နှင့် မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နှင်းနုထွေး တို့က အမျိုးသား၊ အမျိုးသမီး အခြေပြုအကြမ်းဖက်မှုဆိုသည်မှာ အကြမ်းဖက်မှုအမျိုးအစားများ၊ အကြမ်းဖက်မှုဖြစ်ပွားရသည့် အကြောင်းရင်း၊ အများဆုံးဖြစ်ပွားတတ်သည့် အကြမ်းဖက်မှုများ၊ အကြမ်းဖက်မှုအကျိုးဆက်များမှ ရုပ်ပိုင်းဆိုင်ရာနှင့်စိတ်ပိုင်းဆိုင်ရာ အကျိုးဆက်များ၊အကြမ်းဖက်မှုဖြစ်ပွားပါက တိုင်ကြားနိုင်သည့်နည်းလမ်းများ၊ အမျိုးသား၊ အမျိုးသမီးအခြေပြုအကြမ်းဖက်မှုခံရသူများအား လူမှုဝန်ထမ်းဦးစီးဌာနမှ ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများအကြောင်း အသိပညာပေးဆွေးနွေး ပြောကြားခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

**ဝင်းအိစွန်(ပြန်/ဆက်)**

ဝ-ဝ-ဝ-ဝ-ဝ





## သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နိုင်ရေးဆွေးနွေးပွဲ ကျင်းပ

**တောင်တွင်းကြီး ဇူလိုင် ၂၈**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယမန်နေ့ မွန်းလွဲပိုင်းက သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့သည်။

ရှေးဦးစွာ ကျောင်းကျန်းမာရေးကော်မတီ နာယက၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဇင်ဦးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ကျောင်းကျန်းမာရေးကော်မတီဥက္ကဋ္ဌ မြို့နယ်ပြည်သူ့ကျန်းမာဦးစီးဌာနမှူး ဒေါက်တာအောင်နိုင်စိုးက သွေးလွန်တုပ်ရောဂါဆိုင်ရာ အသိပညာပေးပြောကြားခြင်း၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး ဟောပြောခြင်းနှင့် သွေးလွန်တုပ်ကွေးရောဂါမဖြစ်ပွားစေရေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်တို့အား Power Point ဖြင့် ဆွေးနွေးပြောကြားခဲ့ပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများက သိရှိလိုသည်များအား မေးမြန်းကြရာ မြို့နယ်ဆရာဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများ တက်ရောက်ခဲ့ကြောင်း သိရသည်။(အပေါ်ပုံ)

**နောင်နောင်(ဗိဿနိုးမြေ)**




## မြတ်သောလူ့လမ်း လှမ်းပါလေ

\- - - - - - - - - -

* လောဘနှင့် မောဟမှု ကိုပ
စွဲမက်ပြု လူရယ်မည်။
ဆန္ဒအပေါ် တဏှာဖုံး
ပျက်သုဉ်းစေသည်။
ကူးဖို့ခက် မလွယ်ပြီ
စုန်ဆန်ချီ စိတ်ဆောင်အား။
ရှင်သန်ကာ မောဟပိုက်လို့ရယ်
သိဉာဏ်မိုက်မှား။

* ခုန်မင်ပေ့ါ အသွေးအသားနဲ့
အသိတရား ပျက်သုဉ်းထန်။
ဒေါသကြောင့် အချိန်မလင့်
ဝင့်ကြွေးသင့်ပြန်။
ကံစေရာရဲ့ အတုံ့အလှည့်ခံ
လောကဓံ လျှောက်ခဏ။
သောကအစဉ် ထမ်းသယ်ပိုးလို့ရယ်
လူဖြစ်ဆိုးရ။

* သတိထားပေ့ါ ဉာဏ်ဒုက္ခရယ်လို့
ရန်းထကြွ အချိန်အမှုလေ။
အနတ္တကို အစဉ်တစိုက်
ထွေးပိုက်ဉာဏ်စေ။
တွေ့ကြုံသမျှ အကောင်း၊ အဆိုးတွေ
အကြောင်းအကျိုးပေ သိမှတ်လှမ်း။
စေတနာအပေါ် မေတ္တာထပ်ရင်ဖြင့်
မြတ်သောလူ့လမ်း။

**သူ့ထက်ဆန်း(မန္တလေး)**

## ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အင်ဖက်များအခမဲ့ဖြန့်ဝေခြင်းနှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**သရက် ဇူလိုင် ၂၈**

မကွေးတိုင်းဒေသကြီး၊သရက်မြို့၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ် လျှော့နည်းသုံးစွဲစေရန်ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာရေး မြို့မဈေးအတွင်း၌ ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ပလတ်စတစ်(ကြွပ်ကြွပ်အိတ်)အစား ၄က်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေးခြင်း Campaign နှင့် အင်ဖက်များ အခမဲ့ဖြန့်ဝေခြင်းကို ယမန်နေ့နံနက် ၈ နာရီက မြို့မဈေးအတွင်း၌ ဆောင်ရွက်ခဲ့သည်။

(အပေါ်ယာပုံ)

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှဝန်ထမ်းများ၊အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဝန်ထမ်းများက ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ဈေးဝယ်ယူရာတွင် လက်ဆွဲခြင်းများ၊ ထည့်စရာယူဆောင်လာရန် အသိပညာပေးခြင်း၊လက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်းနှင့် အင်ဖက်၊ စက္ကူအိတ်များ အခမဲ့ဖြန့်ဝေကာ ပလတ်စတစ်အိတ်(ကြွပ်ကြွပ်အိတ်) အသုံးပြုမှုလျှော့ချရေးအသိပညာပေးပြောကြားပေးခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**





## ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေအသိပညာပေးဟောပြောပွဲ ကျင်းပ

**ကလော ဇူလိုင် ၂၈**

ရှမ်းပြည်နယ်တောင်ပိုင်း၊ ကလောမြို့နယ်၊ အောင်ပန်းမြို့ ပဋ္ဌိမာရုံပရဟိတဂေဟာကျောင်း၌ ယမန်နေ့နံနက် ၉ နာရီက မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာနမှ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေအသိပညာပေး ဟောပြောပွဲ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ကလော မြို့နယ် လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးအေးမာက ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေနှင့်ပတ်သက်၍ ကလေးသူငယ်ဆိုသည်မှာ၊ ကလေးသူငယ် အခွင့်အရေး၊ ကလေးတိုင်းလိုက်နာရမည့် ကျင့်ဝတ်စည်းကမ်း၊ ပြစ်မှုပြစ်ဒဏ်များအကြောင်း အသိပညာပေး ဟောပြောခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများအား ကျောင်းသုံးပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

**မြို့နယ်(ပြန်/ဆက်)**



# ဆုံစည်းရာအရဏ်ဆွမ်းကပ်နှင့် ဆွမ်းလောင်းအသင်း (၂၀၄)ကြိမ်မြောက် ဆွမ်းလောင်းလှူ



**မန္တလေး ဇူလိုင် ၂၈**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ အကွက်(၈၀၆)၊ လမ်း၆၀ နှင့်၂၈လမ်းထောင့်၊ မြေပဒေသာလမ်းသွယ်ရှိ ဆုံစည်းရာ အရဏ်ဆွမ်းကပ်နှင့် ဆွမ်းလောင်းအသင်း၏ (၂၀၄)ကြိမ်မြောက် ဆွမ်းလောင်းလှူပွဲကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါအသင်းရုံးရှေ့၌ ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးအေးဆောင်၊ အတွင်းရေးမှူး ဦးမောင်မောင်လွင်နှင့် အသင်းဝင်လူငယ်မောင်မယ်များက လေးပြင်လေးရပ်မှ ဆွမ်းခံကြွရောက်ကြသည့် သံဃာတော်များအား အရဏ်ဆွမ်း၊ ကြာဆံကြော်နှင့် ဆွမ်း၊ ဆွမ်းဟင်းများ၊ လှူဖွယ်ပစ္စည်းများဖြင့် ဆက်ကပ်လောင်းလှူကြသည်။ **(ယာဝုံ)**

(၂၀၄)ကြိမ်မြောက် ဆွမ်းလောင်းလှူပွဲကြီး အောင်မြင်နိုင်ရေးအတွက် အလှူရှင် ဖခင်ကြီး ဦးကိုးအောင်+မိခင်ကြီး ဒေါ်ဝင်းဝင်းမြင့်တို့အားရည်စူး၍ မသီတာအောင်နှင့်သားတပည့်များ၊ ကိုလှိုင်မြင့်(စတီးဆိုင်၂၆လမ်းမိသားစု)၊ ဒေါ်မမ(ပတ္တမြားသုခမိသားစု)၊ တိုးတက်ကုန်မာဆိုင်နှင့် အောင်မြန်မာလျှပ်စစ်မိသားစု၊ ဦးတင်ထွန်း+ဒေါ်ခင်ဝင်းကြည်(ရွှေဖားလေး(ခ)မိသားစု၊ ပွင့်ဖူးသွားနှင့် ခံတွင်းဆေးခန်းမိသားစု၊ ရှမ်းဌာနေစားသောက်ဆိုင်မိသားစု၊ ကိုကျော်ကျော်+မတင်မမ(မြရောင်ခြည်)ကဖေးမိသားစု၊ ဦးကျော်တင့်+ ဒေါ်မြတ်မြတ်သန်း(အေးသန်ရိပ်မြ၊ လမ်း၆၀)မိသားစု၊ ကိုဌေးညွန့်အောင်အား ရည်စူး၍ မငယ်လေး(ရတနာပုံဈေး) မိသားစုတို့က မ,တည်လှူဒါန်းခဲ့ကြပြီး အဆိုပါအသင်းကြီးသည် လစဉ် မြန်မာလဆန်း ၃ ရက်နေ့တိုင်း ဆွမ်းလောင်းလှူလျက်ရှိရာ ပါဝင်လှူဒါန်းလိုသူ အလှူရှင်များအနေဖြင့် ဖုန်း ၀၉-၄၀၂၅၃၀၃၇၄ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**မန္တလေးနေ့စဉ်(၁)**

၀-၀-၀-၀-၀-၀-၀



# မန္တလေးမြို့ မဟာမုနိဘုရားကြီး ဘက်စုံပြုပြင်နိုင်ရန် အလှူရှင်များက အလှူငွေများ လှူဒါန်း

**မန္တလေး ဇူလိုင် ၂၈**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မဟာမုနိဘုရားကြီး ဘက်စုံပြုပြင်နိုင်ရန်အတွက် အလှူရှင်များက လာရောက်လှူဒါန်းလျက်ရှိကြရာ ဇူလိုင် ၂၇ ရက်က အလှူရှင် နေပြည်တော်နေ ဦးမိုးကျော်+ဒေါ်ခင်ပပဝင်း မိသားစုက အလှူငွေကျပ် ငါးသိန်း၊ နှစ်ဖက်မိဘများအား အမှူးထား၍ ရန်ကုန်မြို့နေ ဦးရဲကျော်ခိုင်၊ ဒေါ်ခင်ထားတင် သားသမီးမြေးတစ်စုက အလှူငွေကျပ် ငါးသိန်း၊ မန္တလေးမြို့နေ မအိအိသော်-DAIB-UTSU ဂျပန်စာသင်တန်းကျောင်းက အလှူငွေကျပ် ငါးသိန်း၊ မူဆယ်မြို့နေ ဦးဇော်မင်း+ဒေါ်ဝင်းပြုံး၊ (သား)မောင်သီဟဇော်၊ သမီး မသီရိဇော်(စိန်သရဖူကုန်စည်ပို့ဆောင်ရေးဂိတ်)မိသားစုက အလှူငွေကျပ် သိန်း ၂၀၊ မန္တလေးမြို့နေ ဦးဇော်မင်းဝင်း+ဒေါ်လှထွေးရီမိသားစုက အလှူငွေကျပ် ၁၀ သိန်း၊ ကွယ်လွန်သူ မိခင်ဒေါ်သန်းသန်းဌေး+ဖခင် ဦးသန်းတင်တို့အား ရည်စူး၍ မန္တလေးမြို့နေ (သမီး)ဒေါ်ခင်ဖြူဝင်း၊ (မြေး)စိုင်းဟိဏ်းသီဟဆွေ၊ စိုင်းဟိဏ်းသုတဆွေ၊ စိုင်းဟိဏ်းဥက္ကာဆွေမိသားစုက အလှူငွေကျပ် ငါးသိန်း၊ မန္တလေးမြို့နေ ဒေါ်နီလာရွှေ၊ (သမီး)ကျော်ထိပ်ထားဝင်းမိသားစုက အလှူငွေကျပ် ကိုးသိန်းခြောက်သောင်း၊ HP LEE FAMILY & FRIENDS DONATION FOR MAHARMUNI PAGODA YANGON မှ အလှူငွေကျပ် ၁၀ သိန်းတို့အား အသီးသီး လာရောက်လှူဒါန်းကြရာ ဂေါပကအဖွဲ့တာဝန်ရှိသူများက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

(၀၇၀)

# အလှူငွေနှင့် လှူဖွယ်ပစ္စည်းများအား စာရေးတံမဲ ဆက်ကပ်လောင်းလှူ

**မန္တလေး ဇူလိုင် ၂၈**



မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ မဟာဗေယျာဘုံရပ်ကွက်၊ ၆၂လမ်းနှင့်၂၆လမ်းထောင့်၊ မြောက်စလင်းတိုက် (အဘိဓမ္မာတက္ကသိုလ်) မေတ္တာနန္ဒမွေဒူတကျောင်းနာယက ဆရာတော် ဘဒ္ဒန္တ ဃောသိတာဘိဝံသ၊ ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တ ပညာသာမိတို့ အမှူးပြုသော စာချဆရာတော် ရှစ်ပါးနှင့် စာသင်သားရဟန်းနှင့် ကိုရင် ၅၉ ပါး စုစုပေါင်း ဝါဆိုသံဃာတော် ၆၇ ပါးတို့အား အဘိဓမ္မာတက္ကသိုလ် LEVEL(1)တွင် တက်ရောက်သင်ယူလျက်ရှိသော သင်တန်းသား၊ သင်တန်းသူ အလှူရှင်များ စုပေါင်း၍ နဝကမ္မအလှူငွေနှင့် လှူဖွယ်ပစ္စည်းများအား စာရေးတံမဲ ဆက်ကပ်လောင်းလှူပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက အဆိုပါ ကျောင်းတိုက်၌ ကျင်းပခဲ့သည်။

လှူဒါန်းမှုများမှာ စာချဆရာတော် တစ်ပါးလျှင် နဝကမ္မဝတ္ထုငွေကျပ် ၅၀၀၀၀ စီ၊ စာသင်သားရဟန်း၊ ကိုရင်များအား တစ်ပါးလျှင် နဝကမ္မဝတ္ထုငွေကျပ် ၃၀၀၀၀ စီနှင့် စာအုပ်၊ စာရေးကိရိယာ၊ ဆပ်ပြာ၊ သွားတိုက်ဆေး၊ သွားတိုက်တံ စသည့် လှူဖွယ်ပစ္စည်းမျိုးစုံ စုစုပေါင်း တန်ဖိုးငွေကျပ် သိန်း ၃၀ ကို စာရေးတံမဲ ဆက်ကပ်လောင်းလှူခဲ့ကြကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**ထွန်းထွန်းဦး**

# ပြည်သူများအား ထောက်ပံ့ပစ္စည်းများ လှူဒါန်း

**ပုသိမ်ကြီး ဇူလိုင် ၂၈**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ကြာနီကန်ကျေးရွာအုပ်စု၊ ကြာနီကန်ကျေးရွာ (မြောက်) ကျောင်းတိုက်တွင် ဇူလိုင် ၂၇ ရက် မွန်းလွဲ ၁ နာရီခွဲက ပြည်သူများအား ထောက်ပံ့ပစ္စည်းများ လှူဒါန်းပေးအပ်ပွဲ ကျင်းပသည်။

အခမ်းအနားတွင် အောင်မြေသာစံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ဆွေ ဦးဆောင်၍ အလှူရှင်များက ဆန်အိတ် ၂၀၊ ဆား နှစ်အိတ်၊ အာလူး သုံးအိတ်၊ ကြက်သွန်နီ လေးအိတ်၊ စားဆီ ၁၀ ပိဿာ၊ ကြက်ဥ အလုံး ၆၀၀၊ ငါးနီတူခြောက် ငါးပိဿာ၊ မုန့်လာထုပ် ၁၅၀ ၊ မုန့်ညင်းဖြူ ပိဿာ ၇၀၊ ဗာလချောင်ကြော် ၂၀၀ ထုပ်၊ ငါးပိထောင်း ၇၀ ထုပ်တို့အား ထောက်ပံ့လှူဒါန်းခဲ့ကြသည်။

အဆိုပါ ထောက်ပံ့လှူဒါန်းပေးအပ်ပွဲသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေလင်းထွန်း၊ အဖွဲ့ဝင်(၁) ဗိုလ်မှူး ဝေယံမင်း၊ အဖွဲ့ဝင်(၂) ဦးညွန့်ဆန်း၊ အလှူရှင်များနှင့် ပြည်သူ စုစုပေါင်းအင်အား ၂၅၀ ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**(၀၉၅)**

၀-၀-၀-၀-၀-၀-၀



မီးမရှို့၊ မြေမမြှုပ်၊ စက္ကူတွေကို ဒါနလုပ် ။

# သက်ကြီးဘိုးဘွားများ စားသောက်ရေး အဆင်ပြေစေရန် ဆန်နှင့် ကြက်ဥများ ထောက်ပံ့ လှူဒါန်း

**ညောင်ဦး ဇူလိုင် ၂၈**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ အနောက်ဖွားစောကျေးရွာမှ အသက် ၇၀ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများအတွက် စားသောက်ရေး အဆင်ပြေစေရန်ရည်ရွယ်၍ ဇူလိုင် ၂၇ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ဝေမျှခြင်းပရဟိတအဖွဲ့က ဆန်နှင့် ကြက်ဥများ သွားရောက်ထောက်ပံ့လှူဒါန်းခဲ့သည်။

ထိုသို့ ထောက်ပံ့လှူဒါန်းရာတွင် ရန်ကုန်မြို့ ဝေမျှခြင်းပရဟိတအဖွဲ့မှ ဦးဝင်းမင်းထွန်း ဦးဆောင်သော ပရဟိတအဖွဲ့ဝင်များက ညောင်ဦးမြို့နယ် အနောက်ဖွားစောကျေးရွာရှိ အသက်(၇၀) နှစ်နှင့်အထက် သက်ကြီးဘိုးဘွား ၁၆ ဦးကို တစ်ဦးလျှင် ဆန် နှစ်ပြည်နှင့် ကြက်ဥ ကိုးလုံးစီ အိမ်တိုင်ရာရောက် သွားရောက်ထောက်ပံ့လှူဒါန်းခဲ့သည်။

အလားတူ ပုဂံမြို့ဟောင်း မျိုးတော်ကုန်းအုပ်စုဘုရားအနီးရှိ ဈေးသည် ၃၂ ဦးအား စားသောက်ရေး အဆင်ပြေစေရန် တစ်ဦးလျှင် ဆန်တစ်ပြည်စီ သွားရောက်ထောက်ပံ့လှူဒါန်းခဲ့သည်။

ရန်ကုန်မြို့ ဝေမျှခြင်းပရဟိတအဖွဲ့က စေတနာအလှူရှင်များ၏ ပံ့ပိုးကူညီမှုဖြင့် ပုဂံ-ညောင်ဦးဒေသရှိ သက်ကြီးဘိုးဘွားများ အပါအဝင် ဝင်ငွေနည်းအိမ်ထောင်စုများကို စားဝတ်နေရေး အဆင်ပြေစေရန်အတွက် အခြေခံစားသောက်ကုန် ဆန်၊ ဆီနှင့် ကြက်ဥများ ထောက်ပံ့လှူဒါန်းခြင်း၊ ဆေးဝါးနှင့် အာဟာရဖြည့်စွက်စာ စားသောက်ဖွယ်ရာပစ္စည်းများ ထောက်ပံ့ပေးခြင်းနှင့် အလှူငွေများ ထောက်ပံ့ပေးခြင်းတို့ကို လစဉ် ထောက်ပံ့လှူဒါန်းလျက်ရှိကြောင်း အဆိုပါ ပရဟိတအဖွဲ့ အဖွဲ့ဝင် ဦးဝင်းမင်းထွန်းက ပြောသည်။

(၄၄၅)

၀-၀-၀-၀-၀-၀-၀

# ချမ်းသာကြွယ်ဝခြင်း ‘ လျှို့ဝှက်ချက် ငါးခု’

**(၁) ပထမလျှို့ဝှက်ချက် ‘စာရင်းရေးမှတ်ပါ’**

နေ့စဉ်စာရင်းရေးမှတ်သည့်အကျင့်ကို ကျောင်းနေအရွယ်လူလားမြောက်သည်မှစ၍ နိုင်ငံတကာတွင် သင်ကြားပြသကြသည်။ အိမ်ထောင်ရှင်ဖြစ်လာသောအခါ စာရင်းရေးမှတ်သော အလေ့အထရလာသည်။ ဟင်းချက်စရာ၊ တကယ်လိုအပ်သောအရာကိုသာ ဝယ်တတ်လာသည်။ စာရင်းရေးမှတ်ခြင်းသည် အိမ်တွင်းဘဏ္ဍာရေးလုပ်ငန်းတစ်ခုဖြစ်ပါသည်။ ငွေကြေး၏သဘာဝသည် ရှာဖို့မခက်၊ စုဆောင်းဖို့သာ ခက်သည်။ နေ့စဉ် ကုန်ကျစရိတ်ရေးမှတ်ခြင်းသည် ငွေကြေးတည်ငြိမ်အောင် နှီးဆော်ခြင်းဖြစ်သည်။ စာရင်းရေးမှတ်ခြင်းဖြင့် ပစ္စည်းတန်ဖိုး ကိုယ့်အတွက်လို၊ မလို ဆန်းစစ်သိမြင်လာသည်။

အပတ်စဉ်၊ လစဉ် စားသောက်ချက်ပြုတ်စရာ၊ ဝတ်ဆင်စရာ၊ ပေးကမ်းစရာ စသည်တို့ကို စာရင်းမှတ်ခြင်းဖြင့် ပိုက်ဆံ၏တန်ဖိုးကိုနားလည်ပြီး သုံးစွဲတတ်သော သဘောဆောင်သည့် အကျင့်ကောင်းကို ရရှိပါသည်။ စည်းကမ်းနည်းလမ်း နားလည်လာသည်။ ပိုက်ဆံသည် မိမိ၏အရှင်သခင်ဖြစ်သည်ဟု ယူဆလာသည်နှင့်အမျှ တိုးတက်ချမ်းသာလာသည်။ ဂျပန်ပြည်သူ ၇၆ရာခိုင်နှုန်းသည် ၁၉၃၀ ပြည့်နှစ်ကတည်းက စာရင်းရေးမှတ်သည့်အလေ့ကို ကျင့်သုံးကြသည်။ ဤစနစ်ကြောင့် စည်းကမ်းအရှိဆုံးနှင့် ချမ်းသာကြွယ်ဝမှုအများဆုံး စံချိန်တင်ထားသည်ကို တွေ့ရှိရပါသည်။

ယနေ့မှအစပြု၍ အရာရာကို စာရင်းရေးမှတ်ကြည့်ပါ။ မိမိ၏စိတ်ရော ဘဝတိုးတက်မှုပါ ချက်ချင်းပြောင်းလဲလာသည်ကို ခံစားရပါမည်။ ခက်ခဲသောကိစ္စမဟုတ်ပါဘဲ ဘဝအတွက် အရေးကြီးသော တန်ဖိုးရှိသော အလေ့အကျင့်ဆိုသည်ကို သံသယကင်းစွာဖြင့် သိမြင်လာပါလိမ့်မည်။

**(၂) ဒုတိယလျှို့ဝှက်ချက်‘အားထုတ်မှုနှင့် ဖန်တီးမှု’**

လောကအလယ်တွင် အရာရာတိုင်းကိုဖြစ်တည်အောင် အားထုတ်မှုနှင့် ဖန်တီးမှုပြုရသည့်အတွက်ကြောင့် ပစ္စည်းဥစ္စာတို့ကို အလဟဿမဖြစ်စေသင့်ပေ။ ထို့အတူ အချိန်၊ ပိုက်ဆံ၊ ဆက်ဆံပေါင်းသင်းရေးတို့ကို ဖြုန်းတီးခြင်းသည် အပြစ်ဖြစ်သည်ဟု ခံစားရလျှင် မိမိဘဝတိုးတက်ပြောင်းလဲတော့မည်ဟု ပြောနိုင်ပါသည်။ အရာဝတ္ထုတိုင်းတွင် တန်ဖိုးကိုယ်စီရှိကြသည်။ ဝိညာဉ်ကိုယ်စီရှိကြသည်။ တစ်ချိန်တွင် မိမိကို အကျိုးတစ်စုံတစ်ရာ ပြန်ပေးတာမျိုး ရှိစမြဲဖြစ်သည်။ သိမြင်လွယ်သော သာဓကအနေဖြင့် လူတိုင်းဘယ်တော့မှ စားကြွင်းစားကျန် ချန်မထားသင့်ပေ။ ထမင်းကျန်နေသည် ဆိုပါစို့ ဆန်တစ်စေ့တိုင်း၏ နောက်ကွယ်တွင် လယ်သမား၏ပင်ပန်းမှု၊ အမေတစ်ယောက်လုပ်အားနှင့် သဘာဝတရား၏ကျေးဇူးများ ရှိနေသည့်အတွက်ကြောင့် ယင်းတို့၏အားထုတ်မှုနှင့် ဖန်တီးမှုကို မျက်ကွယ် ပြုရာရောက်ပါသည်။

အားထုတ်မှုနှင့် ဖန်တီးမှု၏တန်ဖိုးကို လေးစားမြတ်နိုးလျှင် မိမိ၏ဘဝအိပ်မက်ကို အကောင်အထည်ဖော်နိုင်သူ၊ ဥစ္စာခနပြည့်စုံသူ ဖြစ်ရပါမည်။ ထို့ပြင် ဆက်လက်ကြိုးစားမှုပြုတိုင်း ဤလျှို့ဝှက်ချက်ကိုခေါင်းထဲတွင်ရှိနေသမျှပတ်လုံး ဆတက်ထမ်းပိုး ကြီးပွားတိုးတက်မည်မှာ ဧကန်မလွဲပါပေ။ အကြောင်းမှု လူတစ်ယောက်၏ အားထုတ်မှုသည် ‘သွင်းအားစု’ဖြစ်၍ ဖန်တီးမှုသည် ‘ဉာဏ်အမြော်အမြင်’ဖြစ်သည်။ အတတ်ပညာများကို ဆုံးခန်းတိုင် ကျွမ်းကျင်အောင်သင်ယူ၍ ထိုအတတ်ပညာဖြင့် မိမိဘဝကို ကြွယ်ဝချမ်းသာအောင် ထုဆစ်ပုံဖော်နိုင်ပါသည်။ ပညာလိုချင်သူများကို လည်း မျှဝေ၍ မိမိနှင့်တန်းတူချမ်းသာမှုခံစားနိုင်အောင် လူ့ဘဝကို အကျိုးရှိစေနိုင်လျှင် လောကကို အလှဆင်သလိုဖြစ်၍ အေးချမ်းသာယာနိုင်ပါသည်။

> သုံးစွဲမရသော၊ ဟောင်းနွမ်းသော၊ ပျက်စီးနေသော၊ ကိုယ့်အတွက် အသုံးမလိုသော အရာဝတ္ထုအားလုံးကို စွန့်ပစ်ဖို့လိုပါသည်။ သို့မှသာလျှင် အသစ်အသစ်သော ပစ္စည်းပစ္စယများ ဝင်ရောက်နေရာယူခွင့်ရမည်သာ ဖြစ်သည်။ စိတ်ဆန္ဒ၊ ငွေကြေး၊ ပစ္စည်းတို့သည် အဟောင်းကုန်လေတိုင်း အသစ်ဝင်လာစမြဲဖြစ်သည်။

**(၃) တတိယလျှို့ဝှက်ချက် ‘ရှည်လျားသော အသက်နှင့် စစ်မှန်သောဆုံးဖြတ်ချက်’**

လူတစ်ယောက်သည် အသက်ရှည်စွာနေလိုလျှင် စစ်မှန်သောဆုံးဖြတ်ချက်ရှိဖို့ လိုအပ်လှသည်။ ထိုသို့မဟုတ်ပါလျှင် ထိန်းချုပ်မှုကင်းသောသူအဖြစ် ရပ်တည်နေပေလိမ့်မည်။ ထိန်းချုပ်မှုဆိုရာတွင် ဥပမာ-ထမင်းစားလျှင် မိမိဗိုက်၏ ၈၅ ရာခိုင်နှုန်း ပြည့်ရင်ရပ်ပါ။ ဗိုက်ပြည့်သွားလျှင် စိတ်ပြည့်သည်။ စိတ်ပြည့်သွားလျှင် ဘဝသည်ရပ်သွားတော့သည်ဟု တင်စားပြောဆိုကြသည်။ ငွေကြေးကိုလည်း လိုရာကိုသာ ယူသုံးပါ။ ကျန်တာကို စုထားပါ။ မလိုတာကို မသုံးစွဲမိအောင် ငွေကိုထိန်းချုပ်ပါ။ ကွက်လပ်ချန်ထားမှသာလျှင် ပြည့်အောင်ဖြည့်စရာရှိနေပေလိမ့်မည်။ ဘဝကို နားလည်သဘောပေါက်မှုတစ်ခုရှိပါစေ။ မိမိ၏အကျင့်သက်သက်လား၊ လိုအပ်မှုတစ်ခုလား ဆိုသည်ကို စျေးဝယ်တိုင်းဆင်ခြင်ပါ။ အသစ်အသစ်ကို လိုချင်တပ်မက်မှုလျှော့ချ၍ ပစ္စည်းဝယ်တိုင်း မိမိအတွက် တကယ်လိုအပ်တာလား၊ သတိထားပေးပါ စသည်ဖြင့် ဤလျှို့ဝှက်ချက်က သတိပေးထားပါသည်။ စစ်မှန်သောဆုံးဖြတ်ချက်သည် အသက်ရှည်ခြင်းနှင့် အကျိုးတူ၊ ထပ်တူကျ၍ ပြည့်ဝချမ်းသာမှုကို ရရှိခံစားနိုင်ပါသည်။

**(၄) စတုတ္ထလျှို့ဝှက်ချက် ‘ကျွမ်းကျင်ပိုင်နိုင်မှု’**

ကျွမ်းကျင်မှုတွင် အဆင့်သုံးဆင့်ရှိသည်။

**(က) ပထမအဆင့် ‘စည်းကမ်းကို လိုက်နာခြင်း’**

မိမိ၏အလုပ်ခွင်တွင် ဦးစီးဦးဆောင်ပြုသူ၏ ချမှတ်ထားသော စည်းကမ်းကို လိုက်နာခြင်းသည် ကောင်းသောအကျင့်ဖြစ်ပါသည်။ တစ်နည်းဆိုရလျှင် မိမိ၏သက်မွေးပညာတတ်မြောက်ဖို့အတွက် အလုပ်ရှင်(သို့မဟုတ်)ဆရာ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးခြင်း၊ လူမှုကိစ္စများကိုလည်း ကူညီလုပ်ကိုင်ပေးခြင်း၊ အလုပ်ခွင်ပြင်ပကကျန်ကိစ္စရပ်များကိုလည်း အချိန်အလိုက်၊ နေရာအလိုက် သင့်တင့်အောင် ဆောင်ရွက်ပေးခြင်းတို့သည် အတတ်ပညာရရှိဖို့အတွက် ကိုယ်ပိုင် အရင်းအနှီးများဖြစ်သည်။ စည်းကမ်းလိုက်နာနိုင်အောင် အခြေခံစိတ်ထား ခိုင်မာအောင် ကြိုးစားကျင့်ဆောင်ရာ အချိန်အခါဖြစ်သည်။ အတုယူ အတတ်သင်သော အဆင့်ဖြစ်ပါသည်။

**(ခ) ဒုတိယအဆင့် ‘စည်းကမ်းကို ဖြိုဖျက်ခြင်း’**

ပညာသင်ပေးသော ဆရာသည် မိမိအား စည်းကမ်းတွေ လိုက်နာဖို့မလို၊ စိတ်တိုင်းကျလုပ်ဆောင်တော့ဟု ခွင့်ပြုသည်နှင့် စိတ်ကိုလွတ်လပ်စွာ ဖန်တီးပုံဖော်ဆောင်ရွက်နိုင်တော့သည်။ စည်းကမ်းဘောင်ပြင်ပရှိ လုပ်ငန်းဆောင်တာများကို လုပ်ပိုင်ခွင့်ရရှိအောင် စိတ်ကိုတွန်းအားပေးခြင်း၊ မိမိ၏ လွတ်လပ်မှုကို အသုံးချ၍ ပညာတိုးတက်အောင် ကြံဆောင်ရချိန်ဖြစ်သည်။ အတွေးအခေါ်လွတ်လပ်မှု၊ လုပ်ပိုင်ခွင့်လွတ်လပ်မှုတို့သည် ဘဝကို ပြောင်းလဲတိုးတက်အောင် တွန်းတင်ပေးသော အရာများဖြစ်သည်။ စည်းကမ်းတကျသင်ယူခဲ့သော သက်မွေးပညာသည် စည်းကမ်းဘောင်ပြင်ပတွင် ချဲ့ထွင်နိုင်လာသည်။ တီထွင်၊ ဖန်တီး၊ လုပ်အားချဲ့ထွင်နိုင်သလို ငွေကြေးဥစ္စာလည်း တိုးတက်ပြောင်းလဲလာပါသည်။

**(ဂ) တတိယအဆင့် ‘စည်းကမ်းအလွန်ကို ရောက်ခြင်း’**

အချိန်နှင့်လုပ်ပိုင်ခွင့်တို့သည် မိမိ၏စိတ်သဘောအတိုင်းဖြစ်ပြီဆိုလျှင် ကိုယ်တိုင်ဖန်တီးနိုင်မည်ဖြစ်သည်။ စီးပွားရေးစိတ်ကြိုက်လုပ်၍ ရလာသည်။ ရင်းနှီးမြှုပ်နှံခွင့်ကြုံလာသည်။ ငွေကြေးကိုတွက်ဆ၍ သုံးနိုင်ပါသည်။ ပညာရေးတွင်လည်း မိမိဆန္ဒအလိုက် သင်ယူနိုင်သည်။ ဝါသနာပါရာ၊ စိတ်ပျော်ရွှင်ရာ ရွေးချယ်နိုင်ပါသည်။ လူမှုရေးရာတွင်လည်း မိမိသဘောကျရာ စိတ်တိုင်းကျရွေးချယ်နိုင်ပါသည်။ စိတ်အခန့်မသင့်လျှင် ဖယ်ထား၍ ရသည်။ မိမိဘဝအတွက် အကျိုးရှိ အသုံးဝင်သော လူမှုကိစ္စများကိုသာ ထဲထဲဝင်ဝင်ဆောင်ရွက်နိုင်ပါသည်။ ကိုယ်ပိုင်အတွေးအခေါ်၊ ကိုယ်ပိုင်ဆုံးဖြတ်ချက်တို့ဖြင့် ဘဝကို ထုဆစ်ပုံဖော်နိုင်လာသည်နှင့်အမျှ အရောင်းအဝယ်၊ အပေးအယူ၊ ငွေကြေးစီးဆင်းမှုတို့ လွယ်ကူချောမွေ့အဆင်ပြေ အောင်မြင်လာနိုင်ပါသည်။

ကျွမ်းကျင်မှုအဆင့်၏နောက် ‘ဖောက်ထွက်ခြင်း’အဆင့်ဖြစ်ပါသည်။ ဤအပိုင်းတွင် ကိုယ်ရည်ကိုယ်သွေးတိုးတက်ပြောင်းလဲလာသည်နှင့်အမျှ မည်ကဲ့သို့ ဆောင်ရွက်လျှင် အကျိုးရှိမည်။ အလုပ်အကိုင် ငွေကြေးတိုးတက်ထွန်းကားမည်ကို တီထွင်လုပ်ကိုင်ခြင်းဖြစ်သည်။ အများနှင့်မတူအောင် ကြံဆောင်လုပ်ကိုင်တတ်သော အတွေးအခေါ်ကောင်းများ ဝင်လာခြင်းဖြစ်သည်။ စမ်းသပ်လုပ်ကိုင်ရဲလာသည်။ တီထွင်ဉာဏ်အားကောင်းလာပါသည်။ အောင်မြင်သော အရသာကို တွေ့ထိခံစားနိုင်လာသည်။ စိတ်ဓာတ်ရင့်ကျက်၍ တည်ငြိမ်လာသည့်အတွက် စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာအဆင့်သို့ ရောက်ရှိခံစား၊ စံစားလာရပါသည်။

**(ဃ) ကျော်လွန်ခြင်းအဆင့်**

ပထမစည်းမျဉ်းစည်းကမ်းလိုက်နာသည်။ အတုယူသည်။ တစ်သဝေမတိမ်း ဆရာလုပ်သလို လိုက်လုပ်သည်နှင့် ပညာကို အရင်လေ့လာသင်ယူပါသည်။ တဖြည်းဖြည်း နားလည်သဘောပေါက်လာသည်နှင့် ကိုယ်တိုင်ကိုယ်ကျ လုပ်ဆောင်တတ်လာသည်။ အောင်မြင်ဖြစ်ထွန်းလာသည့် အသီးအပွင့်တို့ကို ပိုင်ဆိုင်ရသည်။ ပညာသင်ယူမှုအားလုံး ပြီးပြည့်စုံသည့်အဆင့်ဖြစ်ပါသည်။ ဤတွင် စိတ်ရှည်နားလည်မှုမန္တရားကို တတ်ကျွမ်းသိမြင်လာပါသည်။ ကျော်လွန်ခြင်းသည် အရာရာတိုင်းကို ပြီးပြည့်စုံသည့်အပိုင်းသို့ သက်ဝင်ရောက်ရှိသွားပြီးနောက် ချမ်းသာကြွယ်ဝမှု စတင်ပါတော့သည်။

**(၅) ပဉ္စမလျှို့ဝှက်ချက် ‘သန့်ရှင်းရေးမန္တရား’**

လူအများစုသည် ခလေ့ထုံးစံအရ မိမိအိမ်၊ လမ်း၊ ဆိုင်ခန်းတို့ကို နေ့စဉ်သန့်ရှင်းရေးလုပ်ကြသည်။ ထို့ထက်ပိုကောင်းမွန်အောင် တစ်နှစ်တစ်ခါ အိမ်သန့်ရှင်းရေးလုပ်ဆောင်သင့်သည်။ မိမိအိမ်သို့ ဘုရားရှင်ကြွလာမည်အထင်နှင့် သန့်ရှင်းရေးဆိုသည်ထက် ပိုမိုအောင် အသစ်ပြုပြင်သန့်စင်ပေးဖို့ လိုပါသည်။ နှစ်ဟောင်းဖြို၍ နှစ်သစ်ကိုကြိုဆိုခြင်း ဖြစ်သည်။ နှစ်ဟောင်းမှာ မကောင်းတာတွေချန်ထားလျှင် နှစ်သစ်ရောက်သောအခါ မပြုံးနိုင်ဖြစ်ရသည်။ အိမ်ရှိပစ္စည်းများတွင် ဖုန်တွေ ပေကပ်နေလျှင် ဆွဲငင်မှုမရှိနိုင်ဟု ဆိုရိုးရှိသည်။ ဆွဲငင်ဓာတ်ရှိအောင် သန့်ရှင်းပေးဖို့လိုသည်။ မိမိအိမ်ကို တစ်နှစ်တစ်ခါ သန့်ရှင်းပေးခြင်းဖြင့် လေသစ်၊ အလင်းသစ်များ ဝင်လာနိုင်ပါသည်။ စိတ်မှာဆိုလျှင် စိတ်သစ်၊ အတွေးအခေါ်သစ်များ ကွန့်မြူးနိုင်သည်။ ဆန်းသစ်မှုများအတွက် နေရာပေးဖို့ လိုအပ်ပါသည်။နေရာလွတ်ရှိမှသာလျှင် အပြင်မှ ကောင်းခြင်းတွေ ဝင်ရောက်နေရာယူနိုင်ပါသည်။ သုံးစွဲမရသော၊ ဟောင်းနွမ်းသော၊ ပျက်စီးနေသော၊ ကိုယ့်အတွက် အသုံးမလိုသော အရာဝတ္ထုအားလုံးကို စွန့်ပစ်ဖို့လိုပါသည်။ သို့မှသာလျှင် အသစ်အသစ်သော ပစ္စည်းပစ္စယများ ဝင်ရောက်နေရာယူခွင့်ရမည်သာဖြစ်သည်။ စိတ်ဆန္ဒ၊ ငွေကြေး၊ပစ္စည်းတို့သည် အဟောင်းကုန်လေတိုင်း အသစ်ဝင်လာစမြဲဖြစ်သည်။ နှစ်စဉ်နှစ်တိုင်း ပစ္စည်းဥစ္စာ၊ ခနငွေကြေး ပုံမှန်ဝင်ရောက်လာလျှင် စုဆောင်းမိလာသည်။ တဖြည်းဖြည်းနှင့် တစ်စထက်တစ်စ ကြွယ်ဝချမ်းသာလာရတော့သည်။

ဤသို့ဖြင့် ဖော်ပြပါ ‘ချမ်းသာကြွယ်ဝခြင်း၊ လျှို့ဝှက်ချက်’ ငါးခုဟု ဆိုအပ်သော -

(၁) စာရင်းရေးမှတ်မှု

(၂) အားထုတ်မှုနှင့် ဖန်တီးမှု

(၃) ရှည်လျားသော အသက်နှင့်စစ်မှန်သော ဆုံးဖြတ်ချက် (ဘဝကို နားလည်သဘောပေါက်မှု)

(၄) ကျွမ်းကျင်ပိုင်နိုင်မှု

(၅) နှစ်စဉ်သန့်ရှင်းရေးလုပ်ဆောင်မှုယန္တရား တို့ကို လက်ဆုပ်လက်ကိုင်ထားပါလျှင် ကြွယ်ဝချမ်းသာမှုကို မိတ်ဆွေတို့ ကိုယ်တိုင်ရှာဖွေစရာမလိုပါဘဲ မိတ်ဆွေတို့ဆီသို့ ချမ်းသာကြွယ်ဝမှုဟူသော လာဘ်ကြီးသည် အလိုလို ရောက်လာမည်မှာ ဧကန်မလွဲဖြစ်ပါကြောင်း ရေးသားတင်ပြရပါသည်။

မှီငြမ်း။ ။ 'Youtube'မှ ဂျပန်တို့၏ ချမ်းသာကြွယ်ဝခြင်းလျှို့ဝှက်ချက်

စေတနာများစွာဖြင့် . . .

သောင်းမြင့်ဇော်
သုံးဆယ်မြေ(မန္တလေး)

## ဓမ္မပျိုးခင်း ဓမ္မစကူးလ်သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ



**မိတ္ထီလာ ဇူလိုင် ၂၈**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ စက်ပစ်တောင်ကျေးရွာ စိတ္တသုခကျောင်းတိုက်၌ ဓမ္မပျိုးခင်း ဓမ္မစကူးလ်သင်တန်း ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၇ ရက် ညနေ ၃ နာရီက ကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါဓမ္မစကူးလ်သင်တန်း ဖွင့်ပွဲအခမ်းအနားတွင် ကုသလာရာမ ဓမ္မစကူးလ် ဦးဆောင်ဆရာတော် ဘဒ္ဒန္တကုသလထံမှ ငါးပါးသီလတရားတော်များကို တက်ရောက်လာကြသူများက ခံယူဆောက်တည်ကြသည်။ ဆက်လက်၍ မြို့နယ်ဓမ္မစကူးလ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဘုရားကြီးကျောင်းတိုက် ဘုရားကြီး ဓမ္မစကူးလ် ဦးဆောင်ဆရာတော် ဘဒ္ဒန္တကုဏ္ဍလိယနှင့် မြို့နယ်ဓမ္မစကူးလ်ကော်မတီအတွင်းရေးမှူး ဥယျာဉ်ကုန်းကျောင်းတိုက် သီတဝတီဓမ္မစကူးလ်၊ မာန်အောင်ရတနာ ဓမ္မစကူးလ်တို့၏ ဦးဆောင်ဆရာတော် ဒေါက်တာဘဒ္ဒန္တကောသလ္လတို့က ဩဝါဒများ မိန့်ကြားခဲ့သည်။ ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး ဓမ္မစကူးလ်ဖောင်ဒေးရှင်း(ဗဟို) သင်တန်းနည်းပြ ဒေါ်လဲ့လဲ့ဝင်းက ဓမ္မစကူးလ် အကြောင်းသိကောင်းစရာများကို ဆွေးနွေးပြောကြားပြီး သင်တန်းဖြစ်မြောက်ရေးအတွက် ပါဝင်လှူဒါန်းသည့် စေတနာရှင် အလှူရှင်များထံသို့ ဂုဏ်ပြုမှတ်တမ်းလွှာများကို ဓမ္မပျိုးခင်း ဓမ္မစကူးလ် ဦးဆောင်ဆရာတော် ဘဒ္ဒန္တဥတ္တမသာရ(ဓမ္မာစရိယ) နှင့်တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့သည်။ အဆိုပါဓမ္မစကူးလ် သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၁၄၀ဦး တက်ရောက်ပြီး ဓမ္မပျိုးခင်းဓမ္မစကူးလ် ဦးဆောင်ဆရာတော်နှင့် သင်တန်းနည်းပြ ၁၁ ဦးတို့က အပတ်စဉ် တနင်္ဂနွေနေ့တိုင်း သင်တန်းဖွင့်လှစ်ပြီး သင်တန်းကို ဇူလိုင် ၂၇ ရက်မှ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ပထမ အပတ်အထိ ဖွင့်လှစ်ပို့ချမည်ဖြစ်ကြောင်း သိရသည်။ **(၄၅၃)**



## နိုင်ငံ့ဝန်ထမ်းအငြိမ်းစား ၅၁၂ ဦးတို့အား UID နံပါတ်ထုတ်ပေးပြီးဖြစ်

**ပခုက္ကူ ဇူလိုင် ၂၈**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်တွင် နိုင်ငံ့ဝန်ထမ်းအငြိမ်းစား ၅၁၂ဦးတို့အား ပင်စင်လစာများထုတ်ပေးရာတွင် အဆင်ပြေစေရန် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ Unique Ide-ntity (UID) နံပါတ်များထုတ်ပေးပြီးဖြစ်သည်။

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပခုက္ကူမြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးမှူး ဦးရဲအောင်နှင့်ဝန်ထမ်းများက Unique Identity (UID) စနစ်ဖြင့် Smart Card မပြုလုပ်ရသေးသော နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား Biometric အချက်အလက်များစိစစ်ကောက်ယူခြင်း၊ မျက်လုံး Scan ဖတ်ခြင်း၊ လက်ဗွေ Scanဖတ်ခြင်း၊ လိုအပ်သည့် ကိုယ်ရေးအချက်အလက်ထည့်သွင်းခြင်းလုပ်ငန်းကို ၂၀၂၅ ခုနှစ်၊ ဇူလိုင် ၁၂ရက်မှ စတင်ဆောင်ရွက်ပေးလျက်ရှိရာ ဇူလိုင်၂၆ရက်အထိ အမျိုးသား ၂၀၆ ဦး၊ အမျိုးသမီး ၃၀၆ ဦး စုစုပေါင်း ၅၁၂ ဦးတို့အား ထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ကျန်ရှိသူများကိုလည်း ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်သည်။

နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများ၏ ပင်စင်လစာများထုတ်ယူရာတွင် လူပုဂ္ဂိုလ်မှန်ကန်မှု ရှိ၊ မရှိ စိစစ်နိုင်ရန်နှင့် ခေတ်မီနည်းပညာ အသုံးပြုနိုင်ရန် မြန်မာ့စီးပွားရေးဘဏ်၏ Centralized e-Pen-sion စနစ်နှင့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၏ e-ID စနစ်တို့ ချိတ်ဆက်ဆောင်ရွက်နိုင်ရေးအတွက် UID နံပါတ်များ Centralized e-Pension Program တွင် ထည့်သွင်းရန် UID နံပါတ်များထုတ်ပေးရေးကို အထူးဦးစားပေးအစီအစဉ်အဖြစ် ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်ဦးစီးမှူးက ပြောသည်။ **(အပေါ်ပုံ)(၃၄၀)**

## မီးဘေးလုံခြုံရေးနှင့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်

**ရေနံချောင်း ဇူလိုင် ၂၈**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ရေနံချောင်းမြို့၊ ညောင်လှရပ်ကွက်ရှိ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းအခြေပြုမီးဘေးလုံခြုံရေးနှင့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်ဆောင်ရွက်ခြင်းကို ယမန်နေ့ နံနက် ၉ နာရီခွဲက ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ရေနံချောင်းမြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးကြည်စိုးဟန်ဦးစီး၍ သန္နေတပ်ဖွဲ့ဝင်များက အဆိုပါကျောင်းခန်းမတွင် ကျောင်းသား၊ ကျောင်းသူများအား မီးဘေးလုံခြုံရေးနှင့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခဲ့ပြီး ထို့နောက်ကျောင်းဝင်း၌ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိက ဦးဆောင်၍ ဇာတ်တိုက်လေ့ကျင့်ခြင်းကို ပြုလုပ်သည်။

အဆိုပါမီးဘေးလုံခြုံရေးနှင့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်ခြင်းဆောင်ရွက်ရာသို့ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်သဘာဝဘေးစီမံဦးစီးဌာနတို့ဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့ပြီး ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများတက်ရောက်ခဲ့ကြောင်း သိရသည်။

**(၄၇၂)**



## စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပ

**ဇမ္ဗူသီရိ ဇူလိုင် ၂၈**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာကြီး ဦးဝင်းခိုင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ဇမ္ဗူသီရိမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်နီလာစိုးက "ဗလငါးတန်နဲ့ပြည့်စုံဖို့ စာဖတ်ကြပါစို့" ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးခဲ့ရာ တက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများက မိမိတို့၏အမြင်များနှင့် ပတ်သက်၍ ပြန်လည်ဆွေးနွေးခဲ့ကြသည်။ **(ဝဲပုံ)**

ထို့နောက် ဇမ္ဗူသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများက အခမ်းအနားသို့ တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများအား လူငယ်ရေးရာနှင့် သက်ဆိုင်သည့် စာအုပ်၊ စာစောင်များ၊ အသိပညာပေးနံရံကပ်ပြဘုတ်များအား ပြသခဲ့ရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## အသက်(၈၀)နှစ်နှင့်အထက် သက်ကြီးရွယ်အိုများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေး

**နတ်မောက် ဇူလိုင် ၂၈**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်တွင် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများနှင့် အသက်(၈၀)နှစ်နှင့်အထက် သက်ကြီးရွယ်အိုများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို လစဉ်အခမဲ့ဆောင်ရွက်ပေးလျက်ရှိရာ ယမန်နေ့ နံနက်ပိုင်းက မြို့နယ်ပြည်သူ့ဆေးရုံကြီးတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများက ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် နတ်မောက်မြို့နယ် ပြည်သူ့ဆေးရုံရှိ ဆရာဝန်ကြီး၏ ကြီးကြပ်ဦးဆောင်မှုဖြင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများက နတ်မောက်မြို့နယ်အတွင်းရှိ သက်ကြီးရွယ်အိုနိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား သွေးပေါင်ချိန်တိုင်းတာပေးခြင်း၊ ဆီးချို၊ သွေးတိုး၊ နှလုံးရောဂါဆိုင်ရာ စစ်ဆေးပေးခြင်း၊ အခြေခံရောဂါရှာဖွေစမ်းသပ်ပေးခြင်း၊ ကုသပေးခြင်း၊ ကျန်းမာရေးအသိပညာပေးဟောပြောခြင်းနှင့် လိုအပ်သည့်ဆေးဝါးများကိုလည်း အခမဲ့ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။ **(အောက်ပုံ) လှဝင်း**



## စားသုံးရန်မသင့်သော အစားအသောက်အမှတ်တံဆိပ်များ ရောင်းချခြင်း ရှိ၊ မရှိ လိုက်လံစစ်ဆေး

**နတ်မောက် ဇူလိုင် ၂၈**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်စားသုံးသူရေးရာအဖွဲ့တို့ပူးပေါင်း၍ ယနေ့ နံနက် ၉ နာရီက မြို့မဈေးကြီးအတွင်း စားသုံးရန်မသင့်သော အစားအသောက်အမှတ်တံဆိပ်များ ရောင်းချခြင်း ရှိ၊ မရှိ ကုန်စုံဆိုင်များအား လိုက်လံစစ်ဆေးခဲ့သည်။

အဆိုပါ လိုက်လံစစ်ဆေးခြင်းသို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံနှင့် ဝန်ထမ်းများ၊ မြို့မဈေးတာဝန်ခံတို့က မြို့မဈေးကြီးအတွင်းရှိ ကုန်စုံဆိုင်များအား ကန့်သတ်ထားသော အစားအသောက်နှင့် ဓာတုဆိုးဆေးများအသုံးပြု၍ ရောင်းချခြင်း၊ သက်တမ်းလွန်အစားအသောက်များနှင့် လုံခြုံစိတ်ချမှုမရှိသော ကုန်ပစ္စည်းများအား ရောင်းချမှု ရှိ၊ မရှိ လိုက်လံစစ်ဆေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**မူမူစန်း**



## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၃၄)၊ ဦးပိုင်အမှတ်(၂၅) မြေကွက်သည် ဒေါ်ပွေး အမည်ဖြင့်ချထားပေးသော မြေကွက်ဖြစ်ပါသည်။ အဆိုပါ မြေကွက်ထဲရှိ မြောက်အစွန်ဆုံးခြမ်း (၁၅ပေ×ပေ၄၀) အကျယ်အဝန်းရှိသော မြေနှင့် အိမ်၊ ရေတိုင်၊ လျှပ်စစ်မီတာ အပါအဝင် ယင်းမြေပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်သည်ဟု အဆိုပြုသူ ဦးအောင်မြင့်ကျော်ထံမှ ကျွန်ုပ်၏အမှုသည်က ဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သောငွေကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**ဒေါ်တင်နှယ်ဝင်း(ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ**
**တတ-၄၆/၁၆၊ ၅၇-စီလမ်း၊ ၁၂၄လမ်းနှင့်၁၂၅လမ်းကြား၊ (စ)ရပ်ကွက်၊**
**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၆၅၃၈၉၉၇၂၊ ၀၉-၄၃၁၆၉၄၂၈။**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၁၃)၊ ဦးပိုင်အမှတ်(၁၂) မြေကွက်သည် ဦးသန်းဝင်း အမည်ဖြင့်ချထားပေးသော မြေကွက်ဖြစ်ပါသည်။ အဆိုပါ မြေကွက်ထဲရှိ မြောက်အစွန်ဆုံး၏ တောင်ဘက်ခြမ်း (၁၀ပေ×ပေ၄၀) အကျယ်အဝန်းရှိသော မြေနှင့် အိမ်၊ ရေတိုင်၊ လျှပ်စစ်မီတာ အပါအဝင် ယင်းမြေပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်သည်ဟု အဆိုပြုသူ ဒေါ်ဇင်မာဌေးထံမှ ကျွန်ုပ်၏အမှုသည်က ဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သောငွေကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**ဒေါ်တင်နှယ်ဝင်း(ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ**
**တတ-၄၆/၁၆၊ ၅၇-စီလမ်း၊ ၁၂၄လမ်းနှင့်၁၂၅လမ်းကြား၊ (စ)ရပ်ကွက်၊**
**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၆၅၃၈၉၉၇၂၊ ၀၉-၄၃၁၆၉၄၂၈။**

## ဖခင်အမည်မှန်

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ထိပ်တန်းကိုယ်ပိုင်အထက်တန်းကျောင်း၊Grade -12 မှ **မောင်ရှိုင်းဝေဦး**၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်အရ **ဦးမြင့်စန်း** ဖြစ်ပါကြောင်း။ **ဦးမြင့်စန်း (၉ /မကန(နိုင်)၀၇၁၂၈၀)**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(မမ-၂၄)၊ ဦးပိုင်အမှတ်(၉၄)ဟု ခေါ်တွင်သော ဧရိယာပေ(၃၀×၄၀) အကျယ်အဝန်းရှိ ဦးအေးကျော် အမည်ဖြင့် မြေနေရာချထားပေးသော မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့် ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်အေးနှယ်သင်း(ဘ)ဦးညိုမောင်(၉/စကတ(နိုင်)၀၇၂၅၉၀) ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ယွန်းပိုပိုအောင်(ဘ)ဦးရဲမြင့်အောင်(၁၃/ကမန(နိုင်)၀၉၉၆၂၁) က ယုံကြည်စိတ်ချ၍ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေများအား အပြေအကြေ ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသည့်စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အရောင်းအဝယ်ကိစ္စအတွက် ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်နန်းအိရွှေစင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**အကွက်(မမ-၂၇)၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၀၂၅၃၁၉၉၉**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ အမရပူရမြို့နယ်၊ ဒေါင်းရွေးရပ်ကွက်၊ အကွက်အမှတ်(၅၆၈)၊ ဦးပိုင်အမှတ်(၁၃/၂)၊ ဧရိယာ(၀ ဒသမ ၈၇)ဧက အကျယ်အဝန်းရှိ မြေကွက်အတွင်းမှ အနောက်ဘက်ခြမ်း အရှေ့ဘက်လှည့် ပေ(၄၀×၆၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင်၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးသန်းနိုင် (ဘ)ဦးသန်းအေး(၁၃/လရန(နိုင်)၀၀၂၁၄၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေအချို့ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ မြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးလှဘုန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**

| ဦးရဲဝင်း | ဦးပြည့်ကိုကို | ဒေါ်မြင့်မြင့်အေး | ဒေါ်ချောစု | ဒေါ်မဥ္ဇူမြင့် |
|---|---|---|---|---|
| (LL.B) | (LL.B) | (LL.M) | (LL.B) | (LL.B) |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်(အေ-၁)၊ ၆၇-လမ်း၊ ၃၁-အေလမ်းနှင့်၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၇၈၆၇၊ ၀၉-၇၆၂၀၃၇၈၆၇၊ ၀၉-၇၉၂၀၃၇၈၆၇၊ ၀၉-၄၀၂၀၃၇၈၆၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၂)၊ ဦးပိုင်နံပါတ်(၆၄)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၄၀×၆၀)အကျယ်အဝန်းရှိ ဦးစိန်မောင် အမည်ပေါက်ဂရန်မြေကွက်၏ အနောက်ဘက်ခြမ်း ပေ(၂၀×၆၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးဝေဖြိုးသန့် (ဘ)ဦးစန်းကြိုင်(၉/အမဇ(နိုင်)၀၁၇၆၀၀)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

| | | | |
|---|---|---|---|
| | **ဦးတင်အောင်မိုး (LL.B, LL.M)** | | **ဒေါ်အိအိမွန် (LL.B, LL.M)** |
| | **တရားလွှတ်တော်ရှေ့နေ** | | **တရားလွှတ်တော်ရှေ့နေ** |
| **ဒေါ်ယုသဇင်အောင် (LL.M)** | **ဒေါ်အေးနန္ဒာထွန်း (LL.B)** | **ဒေါ်မာလာစိုး (LL.B)** | **ဒေါ်ဖူးသန့်မွန် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်အမှတ်(ဠ-၁၀)၊ ဦးပိုင်နံပါတ်(၉၆-က)ဟု ခေါ်တွင်သော ဧရိယာ(၀ ဒသမ ၀၁၃၇)ဧက အကျယ်အဝန်းရှိ ဦးကျော်တင့် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်လှလှဝင်း (ဘ)ဦးလှဆောင်(၉/မရမ(နိုင်)၀၁၄၅၅၀) [၎င်း၏ကိုယ်စား သားဖြစ်သူ ဦးသူရနောင် (ဘ)ဦးထိန်လင်း(၉/မဟမ(နိုင်)၀၂၁၈၅၃)]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

| | | | |
|---|---|---|---|
| | **ဦးတင်အောင်မိုး (LL.B, LL.M)** | | **ဒေါ်အိအိမွန် (LL.B, LL.M)** |
| | **တရားလွှတ်တော်ရှေ့နေ** | | **တရားလွှတ်တော်ရှေ့နေ** |
| **ဒေါ်ယုသဇင်အောင် (LL.M)** | **ဦးကြည်ယံ (LL.M)** | **ဦးစည်သူအောင် (LL.B)** | **ဒေါ်သဲမိုမိုထွန်း (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

**မိး**

သတိပြု။

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဓဓ-၂၅)၊ ဦးပိုင်နံပါတ်(၂၀)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဒေါ်လှဲလှဲထွန်း(ခ)မလှဲ အမည်ပေါက်ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးလှအောင် (ဘ)ဦးချမ်းကို(၁/မမန(နိုင်)၀၀၀၁၁၇)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

| | | | |
|---|---|---|---|
| | **ဦးတင်အောင်မိုး (LL.B, LL.M)** | | **ဒေါ်အိအိမွန် (LL.B, LL.M)** |
| | **တရားလွှတ်တော်ရှေ့နေ** | | **တရားလွှတ်တော်ရှေ့နေ** |
| **ဒေါ်ယုသဇင်အောင် (LL.M)** | **ဒေါ်အေးနန္ဒာထွန်း (LL.B)** | **ဒေါ်မာလာစိုး (LL.B)** | **ဒေါ်ဖူးသန့်မွန် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအနောက်ရပ်ကွက်၊ အကွက်အမှတ်(၅၆၄)၊ ဦးပိုင်အမှတ်(၄၅-ခ)၊ ဧရိယာ(၀ ဒသမ ၀၂၀၁)ဧက အကျယ်အဝန်းရှိ ဦးညို+ဒေါ်မြို့ အမည်ပေါက်ဘိုးဘပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နံကပ်(၂)ထပ်တိုက် အဆောက်အအုံအပါအဝင် လျှပ်စစ်မီတာ၊ ရေမီတာနှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက် နေထိုင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်ကြသည့် ဒေါ်စန်းစန်းဝင်း(ဘ)ဦးညို(၉/မရမ(နိုင်)၀၁၄၂၀၄)(ပါ-၄)ဦးတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ဤကြေညာသည့်ရက်မှစ၍ (၁၀) ရက်အတွင်း ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်တင်ပြကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စန္ဒာခိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**၂၁လမ်း၊ ၈၈လမ်းနှင့်၈၉လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၀၂၅၈၉၅၁၄၊ ၀၉-၉၆၉၄၄၄၁၉၉**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

---

❖ **နိုင်ငံတော်ကာကွယ်ရေးအတွက် အဓိကတာဝန်ရှိသည့် တပ်မတော်နှင့်ပြည်သူတို့ ခိုင်မြဲစွာ လက်တွဲပြီး တိုင်းပြည်ချစ်စိတ်၊ ရဲစွမ်းသတ္တိအပြည့်အဝဖြင့် နိုင်ငံတော် အစွမ်းရှိန်ရှည် တည်တံ့ခိုင်မြဲရေးအတွက် စည်းလုံးညီညွတ်စွာ နိုင်ငံတော်ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ကျရောက်သော " (၇၈) နှစ်မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ" မှ ကောက်နုတ်ချက်)

---

# ကယားပြည်နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေး

လွိုင်ကော် ဇူလိုင် ၂၈

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်ပိုးရယ်အောင်သိန်း၊ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ တိုင်းရင်းသားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက သီရိမင်္ဂလာဈေးသစ် နှစ်ထပ်ဆောင်ခန်းမ၌ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ စည်ပင်သာယာရေး ကော်မတီဝင်များ၊ ဈေးကော်မတီဝင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် တာဝန်ရှိသူများက ဈေးသစ်တည်ဆောက်ပြီးစီးမှုနှင့် ဈေးရုံသစ်များ တည်ဆောက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့နောက် ဈေးအတွင်း ဈေးရုံများ တည်ဆောက်ပြီးစီးမှုနှင့် ဈေးရုံသစ်များ တည်ဆောက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဈေးအတွင်းရောင်းဝယ်ဖောက်ကားနေမှုကို လှည့်လည်ကြည့်ရှုအားပေးကာ ဈေးသူဈေးသားများ၊ ဈေးဝယ်ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စကား ပြောကြားသည်။

ယင်းနောက်အကြမ်းဖက်လုပ်ရပ်များကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လွိုင်ကော် တက္ကသိုလ်နယ်မြေအတွင်းရှိ အဆောက်အအုံများ ပြန်လည်ပြုပြင် တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တက္ကသိုလ်ပင်မဆောင် အစည်းအဝေးခန်းမ၌ ဆရာ ဆရာမများ၊ ဝန်ထမ်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က အမှာစကားများပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်က တက္ကသိုလ်အမြန်ဆုံး ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်နေမှုကို တင်ပြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က လွိုင်ကော်တက္ကသိုလ်နယ်မြေ အတွင်းရှိ ပင်မဆောင်၊ ဘွဲ့နှင်းသဘင်ခန်းမ၊ ပါမောက္ခချုပ် နေအိမ်များနှင့် ဝန်ထမ်းအိမ်ရာများ၊ ကျောင်းသားကျောင်းသူ အိပ်ဆောင်များနှင့် စာသင်ဆောင်များ၊ အားကစားရုံနှင့် အားကစားကွင်းများ၊ အုတ်တံတိုင်း



ခြံစည်းရိုးများ ပြန်လည်ပြုပြင်တည်ဆောက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါတက္ကသိုလ်တည်ဆောက်ရေးလုပ်ငန်းများသည် လုပ်ငန်းအားလုံး၏ ၆၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ကြောင်းသိရသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်သည့် မထောခူ ကျေးရွာအုပ်စု ရေနီကန်ကျေးရွာ လယ်ယာ ကုန်ထုတ်လမ်း ကွန်ကရစ်လမ်းနှင့် ကျောက်စီရေမြောင်းလုပ်ငန်း နေရာသို့ ရောက်ရှိ၍ ကုန်ထုတ်လမ်းနှင့် ကျောက်စီရေမြောင်း ပြုလုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ရေနီကန်ကျေးရွာနေ ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ လမ်းရေရှည်အသုံးပြုနိုင်ရေး စနစ်တကျ ထိန်းသိမ်းကြရန် ပြောကြားသည်။

ဆက်လက်၍ အဆိုပါကျေးရွာရှိ စံပြဝက်မွေးမြူရေးခြံသို့ ရောက်ရှိရာ ပြည်နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးက စံပြဝက်မွေးမြူရေးခြံ တည်ဆောက်ထားရှိမှု၊ အသားတိုးဝက်နှင့် မျိုးဝက်မများ မွေးမြူထားရှိမှု၊ အစာသိုလှောင်ရုံ၊ မိလ္လာစွန့်ပစ်ကန်များနှင့် ခြင်၊ ယင်၊ လေကာစနစ်များ ထည့်သွင်းဆောင်ရွက်ထားရှိမှု အခြေအနေကို လိုက်လံရှင်းလင်းတင်ပြကာ ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အတွင်း လိုအပ်သည့် မျိုးဝက်များ လုံလောက်စွာ မွေးမြူပြီး အသားကဏ္ဍ ဖူလုံမှုရှိစေရန်အတွက် ယခုထက် ပိုမိုတိုးချဲ့မွေးမြူနိုင်ရေး ဆောင်ရွက်မည့် အခြေအနေကို ဖြည့်စွက်တင်ပြသည်။

ယမန်နေ့ ညနေပိုင်းကလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် လွိုင်ကော်မြို့ ချိကယ်ကန္ဒရဝတီဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိပြီး ကျောင်းတိုက်ရှိ ဆရာတော် ဘဒ္ဒန္တ တေဇာဝုဓ (သာသနဓဇဓမ္မာစရိယ) အား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူတော်ငွေများကို ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက်ထေးသမရပ်ကွက်နှင့် ချိကယ်ကျေးရွာအုပ်စု ကျေးရွာများအတွင်း ပြန်လည်ဝင်ရောက်နေထိုင်ကြသည့် ပြည်သူများနှင့် တွေ့ဆုံ၍ ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားများ ပြောကြားပြီး ပြည်သူများက ဖြည့်ဆည်းပေးရန် တင်ပြချက်များပေါ် ဆောင်ရွက်ပေးနိုင်မည့် အခြေအနေကို သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ယင်းနောက် သီရိမင်္ဂလာ တောင်တော်(တောင်ကွဲ)စေတီတော်မြတ်နှင့် ဆုတောင်းပြည့်မြို့နာမ်ရွှေစေတီတော် တို့သို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ကာ စေတီတော်များ ဘက်စုံပြုပြင်မွမ်းမံနိုင်ရန်အတွက် အလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

---

# မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်း တရုတ်နိုင်ငံ၊ ချန်ချွန်းမြို့တွင် လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိ

၂၀၂၅ အာဆီယံချန်ပီယံရှစ်ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်နေသည့် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည် တရုတ်နိုင်ငံ၊ ချန်ချွန်းမြို့တွင် ယနေ့ညနေပိုင်းက လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိသည်။ **(ယာပုံ)**

မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည် တရုတ်နိုင်ငံ၊ ချန်ချွန်းမြို့တွင် ဇူလိုင် ၃၀ရက်နေ့အထိ လေ့ကျင့်မှုများ ပြုလုပ်သွားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည် ၂၀၂၅ အာဆီယံချန်ပီယံရှစ်ပြိုင်ပွဲတွင် ဖိလစ်ပိုင်၊ ဩစတြေးလျ၊ တီမော အသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်လျက်ရှိသည်။

မြန်မာ့လက်ရွေးစင်အမျိုးသမီး ပါဝင်ယှဉ်ပြိုင်မည့် ၂၀၂၅ အာဆီယံချန်ပီယံရှစ်ပြိုင်ပွဲကို လာမည့် ဩဂုတ် ၆ရက်မှ ၁၉ရက်အထိ ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်သည်။

၂၀၂၅ အာဆီယံချန်ပီယံရှစ်ပြိုင်ပွဲတွင် အုပ်စုတစ်ခုမှ ထိပ်ဆုံးနှစ်သင်းစီက ဆီမီးဖိုင်နယ်သို့ တက်ရောက်ခွင့်ရရှိသွားမည်ဖြစ်ပြီး မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းအနေဖြင့် အဆိုပါပြိုင်ပွဲတွင် အောင်မြင်မှုများ ရယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်သွားရမည်ဖြစ်သည်။

**(NGB)**

